# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၆၆)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ အင်္ဂါနေ့


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

**ဓမ္မပဒ**

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။


၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အထူးမိုးလေဝသသတင်း

### နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၃၀

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ စက်တင်ဘာလ ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲ ထုတ်ပြန်သည့် အထူးမိုးလေဝသသတင်းအနေဖြင့် အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ ယနေ့ မွန်းလွဲမှ အောက်တိုဘာလ ၅ ရက်နေ့အတွင်း **စာမျက်နှာ ၁၆ ကော်လံ ၁ ➩**




## ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၃၀

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း

**စာမျက်နှာ ၁၁ ကော်လံ ၁ ❑**



တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ကလောမြို့ရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေရာများတွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ဆောင်းပါး

**စိန်ရတုမှာ စိန်ကောင်းတစ်ပွင့်ဖြစ်လာတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရတုအဆက်ဆက်တိုင် အောင်မြင်ပါစေ** (စာ-၁၂ သို့)

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ** (စာ - ၉ သို့)


Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။
ငွေသွင်း၊ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
ဈေးဝယ်ခြင်း၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်
Customs Duty ပေးဆောင်မှုများအား
MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။
Easy Pay

အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်)

# ပြည်သူ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့

မြန်မာနိုင်ငံတွင် တပ်မတော်ကဲ့သို့မရှိမဖြစ်သောအဖွဲ့အစည်းတစ်ခုမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ရဲတပ်ရင်း ၂၁ ရင်း စတင်ဖွဲ့စည်းခဲ့သည်။ ရဲတပ်ဖွဲ့၏အမည်များနှင့်ပတ်သက်၍ ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ပြည်သူ့ရဲတပ်ဖွဲ့အဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အဖြစ်လည်းကောင်း သတ်မှတ်ခေါ်ဝေါ်ခဲ့ရာ ယနေ့တိုင် သတ်မှတ်ထားသည့်အမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်းအောက်တိုဘာလ ၁ ရက်နေ့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အဖြစ်သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးနေသောနိုင်ငံဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ပိုမိုခိုင်မာတည်တံ့ရေးအတွက် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဒီမိုကရေစီစနစ်ခိုင်မာတည်တံ့ရေးတွင် ပါဝင်ဆောင်ရွက်နေရသည်။ ဒီမိုကရေစီခေတ်ရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ကြရာ၌ ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းအတွက် လူ့အခွင့်အရေးနှင့် နိုင်ငံသားအားလုံးဘေးကင်းလုံခြုံစွာနေထိုင်နိုင်ရေးကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တိုးတက်ပြောင်းလဲနေသည့် မျက်မှောက်ခေတ်ကာလတွင် ပြည်သူများဘဝအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းလုံခြုံရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး စသည့်ရည်မှန်းချက်တာဝန်(၄)ရပ်ကို အလေးထားအောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ရဲတပ်ဖွဲ့ဝင်များသည် ပြည်တွင်းလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူနှင့်အတူလက်တွဲပြီး ထိရောက်အောင်မြင်အောင်ကြိုးစားဆောင်ရွက်နေကြရသကဲ့သို့ နယ်စပ်ဒေသများတွင်ပါ လုံခြုံရေးကိုဆောင်ရွက်နေရခြင်းဖြစ်သည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိနေရမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရေးတို့သည်လည်း မဖြစ်မနေဆောင်ရွက်ရမည့်တာဝန်များဖြစ်သည်။

လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လိုက်နာရမည့်အစဉ်အလာကောင်း(၁၂)ရပ်တွင်ပါရှိသည့် **“နိုင်ငံတော်တွင်အရေးကြုံတိုင်း နေခေါင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်းလက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်”** ဟူသည့် အချက်နှင့်အညီ တပ်မတော်နှင့်အတူလက်တွဲ၍ လက်ရှိနိုင်ငံတော်၏အခြေအနေကို တည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူအတွင်းမှမွေးဖွားလာသော သားသမီးများဖြင့်ဖွဲ့စည်းထားသောအဖွဲ့ဖြစ်သည်။ ပြည်သူ့အကျိုးသယ်ပိုးဆောင်ရွက်မည့်တပ်ဖွဲ့ဖြစ်ပေရာ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အသွင်သဏ္ဌာန်နှင့်အနှစ်သာရများ ပြောင်းလဲတိုးတက်လာပြီဖြစ်သည်။

ခေတ်မီနည်းပညာများတိုးတက်မှုနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏စွမ်းရည်ကိုလည်းမြင့်မားစေရန် လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ယနေ့အချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့်အဖွဲ့အစည်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးနေခြင်းမှာ ပြည်သူလူထု၏ လူမှုစီးပွားဘဝပိုမိုတိုးတက်မြင့်မားအေးချမ်းရေးအတွက်ဖြစ်သည်။ တရားဥပဒေဘောင်အတွင်းနေထိုင်ကြသော ပြည်သူလူထုကိုလေးစားချစ်ခင်သကဲ့သို့ ဥပဒေပြင်ပလှုပ်ရှားနေသူများကိုလည်း ဖော်ထုတ်အရေးယူလျက်ရှိသည်။ ဖော်ထုတ်အရေးယူနိုင်မှုများမှာလည်း အားရဖွယ်ကောင်းလှသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ၂၁ ရာစုကာလတွင် အဓိကခြိမ်းခြောက်လာသည့် မူးယစ်ဆေးဝါးတရားမဝင်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ အကြမ်းဖက်လူသတ်ခားပြတိုက်မှုများ၊ လူကုန်ကူးမှုများ၊ သက်ငယ်မုဒိမ်းမှုများ၊ ယာဉ်မတော်တဆမှုများ၊ တရားမဝင်ကုန်သွယ်မှုများ အစရှိသည်တို့ကို တားဆီးကာကွယ်ဖော်ထုတ်လျက်ရှိသည်။ မှုခင်းများစွာမှာ နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သည့်အတွက် ၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်ရေးဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းနှင့်နောက်ဆက်တွဲ စာချုပ်များလက်မှတ်ရေးထိုးကာ နိုင်ငံတကာနှင့်အနီးကပ်ချိတ်ဆက်ပူးပေါင်းဖော်ထုတ်လျက်ရှိသည်။

ဒီမိုကရေစီခေတ်တွင်မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းတိုက်ဖျက်သူများအဖြစ်သာမက လူ့အခွင့်အရေးကိုပါ ကာကွယ်စောင့်ရှောက်ပေးသူများ၊ နိုင်ငံသားများအားလုံးဘေးကင်းလုံခြုံငြိမ်းချမ်းစွာနေထိုင်ရေးအတွက် နေ့/ညမပြတ်စောင့်ရှောက်ပေးရသူများ၊ **“ကူညီပါရစေ”** ဆောင်ပုဒ်အတိုင်း ပြည်သူကိုကူညီရန် အမြဲအသင့်ဖြစ်နေကြသူများဖြစ်ကြသည်။ ဒီမိုကရေစီထွန်းကားရေးအတွက်ဆိုလျှင် တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ်လိုအပ်နေပြီဖြစ်သည်။ နိုင်ငံအဝန်းတရားဥပဒေစိုးမိုးရေးအတွက် ပြည်သူတစ်ရပ်လုံးကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူပူးပေါင်းကာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ရဲနှင့်ပြည်သူကြည်ဖြူစွာလက်တွဲ၍ တိုင်းပြည်လုံခြုံရေးကိုထိပါးမည့် အဖျက်သမားများကို အပြီးတိုင် တိုက်ဖျက်ချေမှုန်းကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ ၂၁၈၄၃ ဧကစိုက်ပျိုးမည်

ပွင့်ဖြူ စက်တင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ ၂၁၈၄၃ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ပွင့်ဖြူမြို့နယ်အတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကုလားပဲ ၂၁၈၄၃ ဧကလျာထားစိုက်ပျိုးသွားမည်ဖြစ်ကာ သတ်မှတ်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် အောက်တိုဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်သည်။

ပွင့်ဖြူမြို့နယ်ရှိ ဒေသခံတောင်သူများအနေဖြင့် နှစ်စဉ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲကို စီးပွားဖြစ်စိုက်ပျိုးကြသည်။ စိုက်ပျိုးရာတွင်လည်း ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၆)မျိုးနှင့် ရေဆင်း(၁၂)မျိုးများကို ရွေးချယ်စိုက်ပျိုးကြပြီး ယင်းကုလားပဲမျိုးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)မှ လုံလောက်စွာထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်ရှိ ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ကုလားပဲသီးနှံအပါအဝင် မတ်ပဲ၊ ပဲကြီး၊ ပဲကျား၊ စားတော်ပဲ၊ ပဲလွမ်း၊ ပဲနောက်၊ ပဲယဉ်း၊ ထောပတ်ပဲ စသည့် ပဲမျိုးစုံသီးနှံဧက ၄၁၈၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## သဇင်(FM)အသံလွှင့်အစီအစဉ် ၁-၁၀-၂၀၂၄(အင်္ဂါနေ့)

၁။ ဝ၈:ဝဝ နှလုံးသားဝယ်ဘုရားတည်

၂။ ၁၁:၅၀ လှပကျန်းမာ

၃။ ၁၄:၅၀ Speech On Air

၄။ ၁၆:ဝဝ တပ်မတော်စာတိုက်ခန်း

၅။ ၁၇:ဝဝ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ

၆။ ၂၁:၂၀ Memory Box

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/ဝ၃၂-၃ဝ၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ဝ၃၁-၇၄ဝဝ၆၊ ဝ၃၁-၇၄ဝဝ၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ဝ၃၁-၇၄ဝ၂၁၊ ဖြန့်ချိရေး ဝ၁၈-၄ဝဝ၆၉၇၊
ကြော်ငြာ ဝ၃၁-၇၄ဝ၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ဝ၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃ဝ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ဝ၉-၂၅ဝ၅၅၆၆၃၈၊ ဝ၃၄-၇၃၆ဝ၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ဝဝ၃၇၈/ဝဝ၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂ဝ၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တည်ဆင်းကုန်းလက်ကားဈေးကြီးတွင် ကုန်တင်ယာဉ်များပုံမှန်ပြန်လည်ဝင်ရောက်ကာ ကုန်ပစ္စည်းများကိုလည်း ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိ



ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ တည်ဆင်းကုန်းလက်ကားဈေးကြီးတွင် အနယ်နယ်အရပ်ရပ်မှ ကုန်တင်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ဝင်ရောက်ကာ ကုန်ပစ္စည်းများကိုလည်း ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိကြောင်း တည်ဆင်းကုန်းလက်ကားဈေးကြီး လုပ်ငန်းရေးရာဌာနမှ သိရသည်။

လက်ရှိ တည်ဆင်းကုန်းလက်ကားဈေးကြီးရှိ ဈေးရုံပေါင်း ငါးရုံ၌ စုစုပေါင်း ဆိုင်ခန်း ၇၆၀၀ ကျော်ရှိသည့်အနက် ၇၄၀၀ ခန့် ငှားရမ်းထားပြီဖြစ်ကာ အဆိုပါဆိုင်ခန်းများတွင် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ မီးဖိုချောင်သုံး ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူး စသည့်ကုန်မျိုးစုံ၊ ကုန်ခြောက်မျိုးစုံ၊ ရာသီပေါ်သစ်သီးဝလံများနှင့် သားငါးများကို ဈေးနှုန်းချိုသာစွာ လက်လီလက်ကား ရောင်းချပေးလျက်ရှိသည်။

"နိုင်ငံတစ်ဝန်းမှာ ရေကြီးရေလျှံမှုတွေဖြစ်ပြီး ကုန်းလမ်းပို့ဆောင်ရေးအခက်အခဲတွေကြောင့် တည်ဆင်းကုန်းလက်ကားဈေးကြီးကို ရက်အနည်းငယ်လောက် ကုန်တင်ယာဉ်တွေ ဝင်ရောက်တာနည်းသွားသလို ကုန်ပစ္စည်းတွေလည်း အနည်းငယ်အဝင်လျော့သွားခဲ့တယ်။ အခုတော့ ကုန်တင်ယာဉ်တွေလည်း ပုံမှန်အတိုင်း ပြန်လည်ဝင်ရောက်နေသလို ကုန်ပစ္စည်းတွေကိုလည်း ပုံမှန်ဈေးနှုန်းအတိုင်း ရောင်းချနေကြပါတယ်။ လက်ရှိမှာ ကုန်တင်ယာဉ်အများအပြားဝင်ထွက်နေပါတယ်" ဟု တည်ဆင်းကုန်းလက်ကားဈေးကြီးမှ ဒုတိယအထွေထွေမန်နေဂျာ ဦးရဲထွန်းကပြောသည်။

တည်ဆင်းကုန်းလက်ကားဈေးကြီးတွင် ဈေးအတွင်း နေရာအနှံ့အပြား၌ လုံခြုံရေးကင်မရာများ တပ်ဆင်ခြင်း၊ ၂၄ နာရီ လျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်ခြင်း၊ ဈေးသို့ လာရောက်ကြသူများအတွက် စားသောက်ဆိုင်များနှင့် အများသုံး သန့်စင်ခန်းများ ဖွင့်လှစ်ခြင်းတို့ဆောင်ရွက်ပေးထားသည်။

ထို့ပြင် မြန်မာနိုင်ငံအနှံ့မှ ရန်ကုန်မြို့သို့ လာရောက်၍ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ကြသော ၁၀ ဘီးကား၊ ၁၂ ဘီးကား၊ တွဲကား စသည့်ကုန်တင်ယာဉ်အမျိုးမျိုး လုံခြုံစိတ်ချစွာ ညအိပ်ရပ်နားနိုင်စေရန် တည်ဆင်းကုန်းလက်ကားဈေးဝင်းအတွင်း ယာဉ်ရပ်နားစခန်းကို ဖွင့်လှစ်ထားပြီး လာရောက်ရပ်နားသော ကုန်တင်ယာဉ်များအတွက် လုံခြုံရေးပိုင်းကိုလည်း ဂရုတစိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဆောင်းဦး**

# မင်းကင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၃၁၆၃ ဧက စိုက်ပျိုးပြီးစီး

မင်းကင်း စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၃၁၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မင်းကင်းမြို့နယ်၌ အစေ့ထုတ်ပြောင်း ၅၂၉ ဧကနှင့် ဖူးစားပြောင်း ၃၃၀၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ အစေ့ထုတ်ပြောင်း ၆၁၈ ဧကနှင့်ဖူးစားပြောင်း ၂၅၄၅ ဧက စုစုပေါင်း ၃၁၆၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"မင်းကင်းမြို့နယ်မှာ လက်ရှိအချိန်ထိ အစေ့ထုတ်ပြောင်း ဧက ၃၁၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းကပြောသည်။

မင်းကင်းမြို့နယ်၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်းအပြင် ငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများဆောင်ရွက်ပေးကြောင်း သိရသည်။

မင်းကင်းမြို့နယ်၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့်ကုန်ကျကြောင်းနှင့် ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ခန့် ထွက်ရှိနိုင်ကြောင်း သိရသည်။ (၄၀၉)

# ကျိုက်လတ်မြို့နယ်၌ တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေ



ကျိုက်လတ် စက်တင်ဘာ ၃၀


ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ဒေသထွက် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်သက်သက်၏ပြောပြချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ် အသား၊ ငါးဈေးကွက်၌ စက်တင်ဘာလတတိယပတ်မှစ၍ ဒေသထွက် တီလားဗီးယားငါးများဝယ်ယူမှု အားကောင်းပြီး တစ်ရက်လျှင် ပိဿာချိန် ၃၀ မှ ၅၀ အထိအရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေထွက်ရှိတဲ့ ရေထွက်ကုန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြည်တွင်းစားသုံးမှုအားကောင်းလာလို့ အခုလို တီလားဗီးယားငါးတွေ အရောင်းအဝယ်ကောင်းနေတာပါ။ အရောင်းအဝယ်ကောင်းနေတာကြောင့် မွေးမြူသူတွေလည်း ငါးအကောင်ရေထပ်တိုးပြီး မွေးမြူလာတာတွေ့ရပါတယ်။ ငါးဈေးနှုန်းကတော့ ပုံမှန်အနေအထားမှာပဲရှိပါတယ်" ဟု ဒေါ်သက်သက်ကပြောသည်။

ကျိုက်လတ်မြို့နယ်မှ သဘာဝအတိုင်း ဖမ်းယူရရှိသည့် တီလားဗီးယားငါးအပြင် မွေးမြူရေးတီလားဗီးယားငါးများလည်းထွက်ရှိကြောင်း၊ အဆိုပါတီလားဗီးယားငါးမွေးမြူရာတွင် သက်တမ်းအားဖြင့် သုံးလခန့်မွေးမြူရကြောင်း သိရသည်။

**သုတကျော်**



# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

"ကဲ ဘညွန့်ရေ မျှားတန်းချထားတာ တော်တော်လေးကြာနေပြီ။ တစ်တန်းလောက် ဖော်ကြည့်လိုက်ရအောင်ကွာ"

ဦးဖိုးခင်သည် လှေပဲ့ကျောက်ဆူးကိုဆွဲနုတ်ပြီး မျှားတန်းကြိုးကို ဆွဲဖော်လိုက်သည်။ မျှားတစ်ချောင်းပြီးတစ်ချောင်း ရေထဲမှ ပေါ်လာကြသည်။ အချို့သောမျှားတွေမှာ ငါးစာကုန်နေသော်လည်း ငါးမတွေ့ဘဲ ဖြစ်နေတတ်၏။ ဟော ရွှေရောင်တဝင်းဝင်းဖြင့် ငါးရွှေကြီးတစ်ကောင် ငါးမျှားချိတ်၌ ချိတ်ပါလာပေပြီ။ ဦးဖိုးခင်ကား သွက်သည်။ လှေပေါ်သို့ ခပ်ဆတ်ဆတ်ပဲ ဆွဲတင်လိုက်သည်။ ငါးရွှေမှာ အကြေးခွံမဲ့သော ငါးဖြစ်၍ ကိုင်ရဖမ်းရမလွယ်ကူပေ။ ခေါင်းပိုင်းတစ်ခုလုံးမှာ မိကျောင်းခေါင်းပိုင်း လိုရှိ၏။ ငါးရွှေကောင်မှာ ငါးမျှားချိတ်၏ဒဏ်ကြောင့် နာကျင်လွန်းနေဟန်ရှိသည်။ ပါးစပ်ကြီးဟဖြဲပြီး အတင်းရုန်းကန်၏။ ငါးရွှေကောင်ပါးစပ်ထဲက ထက်လှသောသွားများမှာ ကြက်သီးထစရာ။

ငါးမျှားချိတ်ကိုဖြုတ်ရာတွင် ငါးရွှေကောင်သွားနဲ့သာ ထိမိလျှင်တော့ လက်တစ်ချောင်းလုံး ညက်ညက်ကြေပြီသာမှတ်။ သို့ဖြစ်၍ ငါးရွှေမျှားတန်းချသူများမှာ ဓားမတိုလေးကို ထက်နေအောင်သွေးပြီး မျှားတန်းဆွဲသူအနီးမှာ အဆင်သင့်ချထားကြရသည်။ လှေပေါ်သို့ ငါးရောက်သည်နှင့် ဇက်ကို အမိအရချိန်ပြီး ဆတ်ခနဲခုတ်ချလိုက်ရသည်။ ဓားချက်ဇက်ကိုကျွံသွားမှ ငါးကြီး ငြိမ်သွားတတ်သည်။ ငါးကြီး မငြိမ်လျှင် ငါးမျှားချိတ် ဖြုတ်ရဖို့အရေးမှာ မလွယ်ကူပေ။ တစ်ခါတစ်ရံ မျှားဆွဲသူက မကျွမ်းကျင်၍သော်လည်းကောင်း၊ အခြေအနေမပေး၍သော်လည်းကောင်း ငါးရွှေဇက်ပိုးကို ဓားခုတ်မရဘဲ ငါးကြီးမှာ မျှားတန်းလန်းနဲ့ လှေဝမ်းဗိုက်ထဲမှာ ရုန်းရင်းဆန်ခတ်ဖြစ်နေလျှင် "ငါးရွှေကောင်က လှေရှင်ခံနေပြီ"ဟု မျှားသမားများ ဆိုစကားရှိခဲ့ကြသည်။

"လှေဦး မယမ်းစေနဲ့ကွာ ငါးတွေ့နေတယ်"

ဦးဖိုးခင်သည် မျှားတန်းဆွဲနေရာမှ ကျွန်တော့်ကိုလှမ်းပြော၏။ အစာမပါတော့သော ငါးမျှားချိတ်များနေရာတွင် အစာအသစ်တပ်ပြီး မြစ်ရေပြင်ထဲသို့ ပြန်လည်ပစ်ချ၏။ ငါးပါလာလျှင် ဖျတ်ခနဲဆွဲတင်ပြီး ဇက်ပိုးကိုခုတ် မျှားကိုဖြုတ်ပြီး အစာသစ်တပ်ကာ မြစ်ရေပြင်ထဲသို့ ပြန်လည်ပစ်ချ၏။ တစ်ချီဖော်ပြီးသည်နှင့် လှေထဲတွင် ငါးရွှေကောင်ကြီး ၁၂ ကောင်မှာ တစ်ကောင်ပေါ်တစ်ကောင်ထပ်ကာ ပုံနေကြပေပြီ။

မျှားသမားများမှာ မျှားတန်းအနေအထားကောင်း၍ ဟိုမှသည်မှ ရွှေ့စရာမလိုလျှင် နှစ်နာရီမျှအကြာတွင် မျှားတစ်တန်းစီ ဖော်လေ့ရှိကြသည်။ ဖော်သမျှ မျှားတန်းတိုင်းတွင် ငါးရွှေတွေမှာ မြွေကြီးတွေလို ရှည်ရှည်မျောမျော ချိတ်ပါလာကြသည်။

"ဟာ နေလုံးကြီးတောင် ပင်လယ်ပြင်ကြီးထဲ ငုပ်ဆင်းတော့မလို့ လုပ်နေပြီကွာ၊ ကဲပြန်ကြမယ်ဟေ့ သူများတွေ ရွက်တိုက်နေကြပြီ"

''ငါးရွှေကျပ်တိုက်ခြောက်ကို ၁၀ ကောင်တစ်စည်းစီ စည်းပြီး စစ်တွေ၊ ကျောက်ဖြူ၊ မင်းပြား၊ မြောက်ဦး မြို့ဈေးကွက်တို့သို့ တင်ပို့ကြသည်။ ငါးရွှေကျပ်တိုက်ခြောက်ဖြင့်ချက်သော ရခိုင်မုန့်တီဟင်းရည်မှာ အရသာအကောင်းဆုံးဖြစ်၍ ဈေးကွက်တွင် ငါးရွှေကျပ်တိုက်ခြောက်များ ရောင်းပန်းလှသည်။ (ရန်ကုန်မြို့တွင် မင်းလမ်းမုန့်တီနာမည်ကြီးပြီး လူကြိုက်များခြင်းမှာ ငါးရွှေ(သင်ပေါင်းထိုး) ကျပ်တိုက်ခြောက် ဟင်းရည်ကြောင့်ပင်ဖြစ်ပေသည်။). . .''

ကျွန်တော်တို့မှာ အလုပ်တွင်စူးနစ်နေပေရာ အချိန်ကုန်မှန်းပင် မသိလိုက်ကြ။

"ငါ ရွက်ထူမယ် လှေနိုင်နိုင်ထိန်းထားနော်"

ဦးဖိုးခင် ရွက်နှစ်ဖုံစလုံးကိုထူပြီး ကပ်စင်ပေါ်မှာပဲ အမောဖြေထိုင်လိုက်သည်။ ကျွန်တော်ကတော့ ရွက်နှစ်ဖုံ၏တွန်းအားကြောင့် ပြေးအားကောင်းနေသောလှေကို ဟိုးဝေးဝေးက ပျပျမြင်နေရသော ငပသုန်ကျွန်းဆီသို့ လှေကိုဦးတည့်ပေးထားလိုက်၏။ မျှားလှေကလေးကတော့ လှိုင်းလုံးများကို ဖိနင်းလျက် ပဲ့ကိုင်ကျွန်တော်ခိုင်းသောလမ်းအတိုင်း ပြေးနေ၏။ ကျွန်တော် အားရပါးရ ကန့်ကြိတ်ထားသော တက်မ၏ ရေပွက်များနောက်တွင် မြုပ်ချည်ပေါ်ချည်ဖြစ်နေကြသော ငါးသေးငါးနုပ်လေးများကို ပင်လယ်စင်ရော်များက လှေနောက်က ဝဲကာပျံကာလိုက်ပါရင်း ထိုးသုတ်စားသောက်ကြသည်။ ကျွန်တော်တို့လှေသွားနေခြင်းမှာ သူတို့ကို အစာအာဟာရ ထိုးဆိတ်စားသောက်နိုင်အောင် ဆောင်ရွက်ပေးသည်ဟုများ ထင်လေကြသလားမသိ။ ကျည်ကျည်ကျာကျာ အော်မြည်ပြီး ကောင်းချီးပေးကြ၏။

ညနေမှောင်ရီပျိုးပြီးလောက်မှ ငပသုန်ကျွန်းသို့ ချဉ်းကပ်မိလာသည်။ ရမ်းပေါက်လေအားကောင်း၍ ဦးဖိုးခင် တက်ခတ်သက်သာသွားသည်။ အကယ်၍သာ ပုံမှန်တိုက်ခတ်လေ့ရှိသော ရမ်းပေါက်လေမပေါ်ဘဲ ဥတုဖောက်ပြန်လျှင် ရွက်တိုက်မရဘဲ ပင်လယ်ပြင်ကနေ ကမ်းခြေအရောက် မျှားဆွဲသူမှာ ရေ့တိုးနောက်လန် ချွေးပြန်အောင် အားသွန်ခွန်စိုက် တက်ခတ်ရတော့သည်။

ပဲ့ကိုင်ကျွန်တော်သည် ငပသုန်ရွာ မျှားတဲတန်းလျား မြစ်ဆိပ်ကွေ့ထဲသို့ လှေကို ဦးတည်ပေးလိုက်၏။ လှေသည် ယက်လှိုင်းကလေးများနှင့်အတူ ကမ်းခြေသို့ ထိုးဆိုက်လာတော့သည်။

"ဟာ ဖိုးခင်နဲ့ဘညွန့်တို့လှေပဲ"

ဓားမတိုကလေးတွေကိုယ်စီကိုင်ထားသော လူအုပ်က လှေဆီသို့ ပြေးဆင်းလာကြ၏။

"ဟာ. . . သင်ပေါင်းထိုးတွေ အများကြီးပဲ"

ပြောရင်းပင် ငါးရွှေများကို ကိုယ်ရသူရ ဆွဲယူပြီး ကျွန်တော်တို့တဲဆီသို့ တင်ယူသွားကြ၏။ ကိုယ့်အပုံနှင့်ကိုယ် မရောစေဘဲ သူတို့သီးခြားစီ ပုံလိုက်ကြသည်။ သူတို့မှာ ငါးရွှေစည်ဖောင်း ဖောက်ထုတ်ပြီး အူသည်းနုတ်ရန်အတွက် ရွာမှဆင်းလာကြသူများပင် ဖြစ်ကြသည်။ ငါးရွှေအူကို ရှမ်းနံနံ သို့မဟုတ် စပါးလင်လေးအုပ်ပြီး ဟင်းချက်စားရသော အရသာကို နတ်သုဒ္ဓါနဲ့မလဲနိုင်ဟု မျှားသမားများပြောကြ၏။

ရခိုင်ကမ်းခြေဒေသ မျှားသမားတို့သည် ငါးရွှေကို ကျောဘက်က အလျားလိုက်ခွဲပြီး စည်ဖောင်းနှင့်အူသည်းများကို နုတ်ကြသည်။ ငါးကိုယ်ထည်ကို ဝါးခြမ်းပြားလိုဖြစ်အောင်ထိ ခွဲစိတ်လုပ်ကိုင်ကြသည်။ စည်ဖောင်းနှင့်အူသည်းများကို နုတ်ပြီးချိန်တွင် ငါးကို အကောင်လိုက် ကျပ်စင်ပေါ်တင်ပြီး မီးမြှိုက်ကြသည်။ ငါးရွှေမျှားတန်းချရာသီများတွင် တံငါတဲတိုင်းလိုလိုမှာ စင်ကြီးစင်ငယ်ဆောက်ပြီး ငါးရွှေကျပ်တိုက်ကြသည်။ ထင်းတုံးကြီးများကို ကျပ်စင်အောက်သို့ ထိုးသွင်းပြီး တစ်ညလုံး မီးမြှိုက်ကြ၏။ မီးရှိန်နဲ့ နည်းနည်းကျက်လာသော ငါးကိုယ်ထည်ကြီးကို လိုအပ်သလို ပုံဖော်လုပ်ကိုင်ပေးရသည်။ ငါးရွှေကောင် လုံးလုံးကျက်သွား၍ လုပ်ငန်းဆောင်ရွက်ပြီးချိန်တွင် ငါးရွှေမှာ ရွှေအိုရောင်အဆင်းသို့ရှိနေပြီး ပုံသဏ္ဌာန်မှာ စောင်းကောက်ကြီးလို ဖြစ်သွားသည်။

ငါးရွှေကျပ်တိုက်ရန် မိုးရာသီအချိန်ကပင် ရခိုင်ရိုးမတောင်ကျရေဖြင့် မျောဆင်းပါလာကြသော ထင်းတုံးများကို ဆယ်ယူထားရသည်။ ဆောင်းရာသီဆိုလျှင် ရေဆယ်သစ်သားတုံးများမှာ ထင်းခြောက်တုံးကြီးဖြစ်နေပေပြီ။ မီးစွဲသွားလျှင် မီးရှိန်ရဲရဲနဲ့ အပူရှိန်ပြင်းလှသည်။

ငါးရွှေကျပ်တိုက်ခြောက်ကို ၁၀ ကောင်တစ်စည်းစီစည်းပြီး စစ်တွေ၊ ကျောက်ဖြူ၊ မင်းပြား၊ မြောက်ဦးမြို့ ဈေးကွက်တို့သို့ တင်ပို့ကြသည်။ ငါးရွှေကျပ်တိုက်ခြောက်ဖြင့်ချက်သော ရခိုင်မုန့်တီဟင်းရည်မှာ အရသာအကောင်းဆုံးဖြစ်၍ ဈေးကွက်တွင် ငါးရွှေကျပ်တိုက်ခြောက်များ ရောင်းပန်းလှသည်။ (ရန်ကုန်မြို့တွင် မင်းလမ်းမုန့်တီ နာမည်ကြီးပြီး လူကြိုက်များခြင်းမှာ ငါးရွှေ(သင်ပေါင်းထိုး) ကျပ်တိုက်ခြောက်ဟင်းရည်ကြောင့်ပင် ဖြစ်ပေသည်။)

ငါးရွှေကျပ်တိုက်ခြောက်သာ မြန်မာ့အစားအစာ ရခိုင်မုန့်တီဟင်းရည် ချက်ရာတွင် နာမည်ကြီးသည်မဟုတ်။ ငါးရွှေစည်ဖောင်းသည်လည်း ရောင်းအားကောင်းသည်။ စည်ဖောင်းလုံးခပ်ကြီးကြီး လုံးရေ (၂၀) ဆိုလျှင် တစ်ပိဿာအလေးချိန်စီးသည်။

■ ■ ■ ■ ■ ■ ■

ဆက်လက်ဖော်ပြပါမည်။

# ဘုတလင်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးနှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ဘုတလင် စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် မိုးနှမ်းဧက ၂၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဘုတလင်မြို့နယ်၌ မိုးနှမ်းဧက ၅၂၀၇၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစ၍ စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဧက ၂၁၉၀၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ်မှာ ဒီနှစ်မိုးသီးနှံ စိုက်ပျိုးရာသီမှာ မိုးနှမ်းဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ လက်ရှိအချိန်ထိ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက ဆောင်ရွက်ပေးနေပါတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဝေကပြောသည်။

ယခုနှစ်တွင် ဘုတလင်မြို့နယ်၌ မိုးနှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် တခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ပြီး ဈေးနှုန်းပိုမိုရရှိကြောင်းနှင့် ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများရရှိစေနိုင်ကြောင်း သိရသည်။

(၄၀၉)



# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ




နေပြည်တော် စက်တင်ဘာ ၃၀

ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာဦးဆောင်ကော်မတီဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဦးဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဓာတ်မြေသြဇာတန်ချိန် ၁ ဒသမ ၆ သန်းနှင့် ပိုးသတ်ဆေးတန်ချိန် ၃၂၀၀၀ တင်သွင်းနိုင်ရေးလျာထားချက်အရ စက်တင်ဘာလ ၂၅ ရက်အထိ ကုမ္ပဏီအလိုက် သွင်းကုန်လိုင်စင်များ ထောက်ခံပေးခဲ့ရာ မြေသြဇာတန်ချိန် ၉၅၆၇၅ ဒသမ ၇၇ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၁၃၉၄၉ ဒသမ ၅၄ တန်ရှိပြီဖြစ်ကြောင်း၊ ဇူလိုင်လမှစတင်၍ Export Earning အထောက်အထားပြနိုင်သည့် ကုမ္ပဏီများကို သွင်းကုန်လိုင်စင်ရရှိရေး ထောက်ခံပေးလျက်ရှိရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ SOP နှင့်အညီ လုပ်ငန်းစဉ်များ မြန်မြန်ဆောင်ရွက်ရန်လိုကြောင်း၊ သွင်းကုန်လိုင်စင်ရရှိပြီးပြီးပြတ်အောင်တင်သွင်းနိုင်ရေး စိစစ်ကြပ်မတ်ဆောင်ရွက်ရန်နှင့် ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြပေးစေလိုကြောင်း မှာကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က သွင်းအားစုတန်ချိန်များ အတည်ပြုမှတ်တမ်းတင်နိုင်ရေးနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်အသင်းမှ ကိုယ်စားလှယ်က မြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချအသုံးပြုမှုအခြေအနေများကို လည်းကောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဈေးနှုန်းမှန်ကန်စေရေး၊ အရည်အသွေးမှန်ကန်စေရေးအတွက်သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့က ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးလိုအပ်သည်များဖြည့်စွက်ရှင်းလင်းဆွေးနွေးကြရာ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဝန်ထမ်းများက ရေဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၃၀

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဝန်ထမ်းများက နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်ရှိရေဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၁၁ နာရီက အဆိုပါသာသနာ့ဗိမာန်၌ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်သူများ၏ ကြုံတွေ့နေရသောအခက်အခဲများကိုသိရှိပြီး လိုအပ်သည့်ကူညီဖြည့်ဆည်းမှုများကိုဆောင်ရွက်ပေးနိုင်ရန် လာရောက်တွေ့ဆုံအားပေးရခြင်းဖြစ်ကြောင်းပြောကြားပြီး ရေဘေးဒဏ်သင့်ပြည်သူများအတွက် ဆန်၊ ဆီနှင့် ရေသန့်များ ထောက်ပံ့လှူဒါန်းရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်က ရေဘေးသင့်ပြည်သူများ ယာယီရေဘေးရှောင်စခန်း၌ စားသောက်နေထိုင်မှု၊ သောက်ရေရရှိရန်ဆောင်ရွက်ထားရှိမှုနှင့် ကျောင်းနေအရွယ်ကလေးများ အမြန်ဆုံးကျောင်းပြန်တက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။



ယနေ့အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဝန်ထမ်းများက စေတနာထက်သန်စွာ အိမ်ထောင်စု ၁၃၀ အတွက် ဆန်၊ ဆီနှင့် ရေသန့်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁-၁၀-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇:၁၅ | မေတ္တာပို့ |
| ၃။ | ၇:၂၀ | ဓမ္မပူဇာတေး |
| ၄။ | ၇:၄၅ | မျိုးချစ်တပ်မတော် |
| ၅။ | ၈:၁၅ | အမျိုးသားရေးတေးကဗျာ |
| ၆။ | ၈:၂၅ | ဆောင်းပါးပေါ်ကစာစုများ |
| ၇။ | ၉:၅၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၈။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၉။ | ၁၉:၀၀ | **(၁၉၉၅) ခုနှစ်၊ မြဝတီအငြိမ့်ပြိုင်ပွဲ မြသံလွင်အငြိမ့် (ပထမပိုင်း) (အရှေ့တောင်တိုင်းစစ်ဌာနချုပ်)** |

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံး မော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ရှစ်ခုကို ခွင့်ပြု



နေပြည်တော် စက်တင်ဘာ ၃၀

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်ရှစ်ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၅၅ သန်းနှင့် ငွေကျပ် ၄၆၀၀၅ ဒသမ၂၂၆ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၉၇၂ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည့် လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းပါဝင်သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သောနိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြသည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံး ဝင်ရောက်ထားသည့်ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၃၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၆ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

# ရမည်းသင်းမြို့နယ် နည်းပညာတက္ကသိုလ်(ရမည်းသင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း)တို့ရှိ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ကြည့်ရှုအားပေး



နေပြည်တော် စက်တင်ဘာ ၃၀

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် ရမည်းသင်းမြို့နယ်ရှိ နည်းပညာတက္ကသိုလ် (ရမည်းသင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နည်းပညာတက္ကသိုလ် (ရမည်းသင်း)သို့ ရောက်ရှိပြီး စာမေးပွဲခန်းများတွင်အင်ဂျင်နီယာဘွဲ့ကြိုသင်တန်းများမှ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေကြီးရေလျှံမှုများကြောင့် တက္ကသိုလ်ဝင်းအတွင်းရှိ ကျောင်းသူအဆောင်၊ ဝန်ထမ်းအဆောင်တို့တွင် ရေများဝင်ရောက်ခဲ့မှု၊ မြေသားလမ်းများပျက်စီးမှု၊ အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းမှု အခြေအနေများ၊ သောက်ရေသန့်၊ သုံးရေနှင့် မီးရရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အစိုးရစက်မှုလက်မှုသိပ္ပံ (ရမည်းသင်း)တွင် ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦးတွေ့ရှိ

နေပြည်တော် စက်တင်ဘာ ၃၀

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၂-၉-၂၀၂၄ ရက် ည ၈ နာရီမှ ၂၉-၉-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၅၀၄၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၁၅ ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနကသတင်းထုတ်ပြန်ထားသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့်ပြတ်တောက်နိုင်

နေပြည်တော် စက်တင်ဘာ ၃၀

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိ၍ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိသည်။ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကိုအသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၄ ရက်အထိ နေ့စဉ် (၁) မိနစ်မှ (၁၈)မိနစ်ခန့်အထိ Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၃၀

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## ကန့်ဘလူမြို့နယ် ရွှက်ကြမ်း(မြောက်)ကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်လှစ်



**ကန့်ဘလူ စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ရွှက်ကြမ်းအုပ်စု ရွှက်ကြမ်း(မြောက်) ကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်ပွဲကို စက်တင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ကန့်ဘလူမြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးမိုးကျော်အောင်၊ ပိုးဇာကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမွန်နှင့် ရွှက်ကြမ်း(မြောက်)အခြေခံပညာမူလတန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ခိုင်တို့က အခြေခံပညာမူလတန်းကျောင်း(ခွဲ) ဖွင့်ပွဲကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူးကိုယ်စား လက်ထောက်ပညာရေးမှူး ဦးမိုးကျော်အောင်၊ ပိုးဇာကုန်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမွန်တို့က အမှာစကားပြောကြားသည်။

အဆိုပါ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ကို ယခုနှစ် စက်တင်ဘာလ ၂၃ ရက်က စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဖွင့်ပွဲကို စက်တင်ဘာလ ၂၉ ရက်တွင် ကျင်းပခြင်းဖြစ်ကြောင်း အဆိုပါကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၄၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကာ ဆရာ၊ ဆရာမနှစ်ဦးနှင့်ကျေးရွာမှ လုပ်အားပေးဆရာ၊ ဆရာမသုံးဦးတို့က ဝိုင်းဝန်းကူညီသင်ကြားပေးလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေထုတ်ချေး

**မင်းလှ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညောင်ဝိုင်းကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများလိုအပ်လျက်ရှိသည့် စိုက်ပျိုးစရိတ်၊ မျိုးစေ့နှင့်သွင်းအားစုများအတွက် ငွေကြေးထောက်ပံ့ပေးနိုင်ရန်ရည်ရွယ်၍ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေပြန်လည်ထုတ်ချေးပေးခြင်းကို စက်တင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ညောင်ဝိုင်းကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ညောင်ဝိုင်းကျေးရွာရှိ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၁၀ ဒသမ ၃ သန်းကို လွှဲပြောင်းပေးအပ်သည်။


ထို့နောက် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များက ညောင်ဝိုင်းကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူ ၄၂ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၀ ဒသမ ၃ သန်းကို တစ်ဦးချင်းစီ၏လက်ဝယ်အရောက်ထုတ်ချေးပေးကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

## ကျောက်ဆည်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်အကအလှပြိုင်ပွဲနှင့် ဆင်လှူပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်အကအလှပြိုင်ပွဲနှင့် ဆင်လှူပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆင်အကအလှပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ဦးက ဆင်အကအလှပြိုင်ပွဲကို ယခင်နှစ်များအတိုင်း သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ဆုကြေးများကိုလည်း ယခင်နှစ်များထက် ပိုမိုချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆင်အကအလှပြိုင်ပွဲအား စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆင်အကအဖွဲ့များအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ပြိုင်ပွဲတွင်အခက်အခဲများရှိပါက ဆွေးနွေးတင်ပြကြစေလိုကြောင်းနှင့် ဘော်ကြယ်၊ ရိုးရာ၊ ကလေးဆင်အဖွဲ့များအနေဖြင့် ပြိုင်ပွဲများအလိုက် ပါဝင်ယှဉ်ပြိုင်သွားနိုင်ရေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာသော မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆင်အကအဖွဲ့များက ယခင်နှစ်များကကြုံတွေ့ရသည့် အခက်အခဲများကို အသီးသီးတင်ပြကြရာလုပ်ငန်းများအောင်မြင်ရေးပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **သက်မောင်**

## သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုစုစောင့်ရှောက်ပေး

❖ အသက်အရွယ်ကြီးလေစွ
တစ်ချိန်က ကောင်းကျိုးဆောင်။
တာဝန်ကျေစွာ ထမ်းရွက်ပြု
ကောင်းမှုလူ့ဘောင်။
ယခုလည်း သယ်ပိုးဆောင်
ထူထောင်ကာ တို့အားပေး။
အားမငယ် ဖေးမထောက်
စောင့်ရှောက်စို့လေး။

❖ ဇရာရွယ် အသက်ကြီးလည်း
မပျက်စီးဘဲ ရပ်တည်စေ။
စိတ်ခါတ်ခိုင်မာ စွမ်းဆောင်ငြား
မြင့်မားဖို့လေ။
ဇရာ ဗျာဓိ တရားတွေ
မနေသာ ကြုံတွေ့မြဲ။
နေဝင်ချိန် ဘဝလမ်း
လျှောက်လှမ်းကြဆဲ။

❖ မြန်မာ့အမွေ ယဉ်ကျေးကြောင်း
ဓလေ့ကောင်း အထီးမကျန်။
လူပိုမသည် အရေးထား
တို့များဝန်းရံ။
ကျန်းမာရေး ကောင်းစေမှန်
ဆက်ဆံကာ မြဲပြုစု။
မွန်မြတ်စွာ ဘဝလမ်း
စိတ်ချမ်းသာမှု။

❖ ဘဝရပ်တည် အခက်အခဲရောက်
စောင့်ရှောက်ဖို့ လိုအပ်စွာ။
ကိုယ်ချင်းစာ ကောင်းစိတ်မွေး
ဦးစားပေးပါ။
ဂုဏ်သိက္ခာရှိရှိ ရပ်တည်ရာ
ကမ္ဘာအနှံ့ ဘက်စုံပြုစုစောင့်ရှောက်ပေး။
အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့
ချမ်းမြေ့နွေးထွေး။ ။

**မောင်ကျော်ဇော**
**(ရှင်မတောင်နံ့သာမြေ)**

# ခေါင်းကိုက်လျှင် အစာကြေဆေးစားပါ

ကြည်လွင်မြင့် (မုဒြာ)

အကြောတက်၊ အဆစ်ကိုက်၊ အဆစ်ရောင်၊ လေးဖက်နာပတူသောရောဂါများမှာ တစ်ခုဖြစ်လျှင် ဆက်၍ဖြစ်လေ့ရှိသော ညီနောင်ရောဂါများဖြစ်ကြသည်။ တစ်ခါတစ်ရံ ထိုအကြောအဆစ်ရောဂါများ၏ နောက်ဆက်တွဲအဖြစ် ခေါင်းကိုက်ရောဂါ ဖြစ်လေ့ရှိသည်။

အကြောအဆစ်ရောင်သောရောဂါများဟု အမည်တပ်သော်လည်း အတွင်းပိုင်းတွင် သွေးကြောများပါ ရောင်လေ့ရှိသည်။ အထိမခံနိုင်ဖြစ်ကာ နီရဲပြီး ရောင်နေသော အဆစ်တွင် ကြွက်သားမျှင်များသာမက အတွင်းမှ သွေးလွှတ်ကြော သွေးပြန်ကြောများပါ ရောင်ရမ်းခြင်းဖြစ်သည်။

ရှေးက ရိုးရာနည်းဟုဆိုကာကုသသော ဆရာများသည် ရောင်သောနေရာကို မန်းရှိသည်ဆိုကာ စူးဖြင့်ဖောက်သည်။ တချို့က ရှသောကြံရွက်၊ ဝါးရွက် စသည်တို့ဖြင့် ခြစ်သည်။ တချို့ဆရာများ၏နည်းမှာ အရိုးအဆစ်ရောင်သောနေရာကို ထက်သောသင်တုန်းဓားဖြင့် ခပ်ဖွဖွအပေါ်ယံ အရေပြားပေါက်အောင် ရှပ်ပြီးခုတ်သည်။ သွေးပြန်ကြောပေါက်သွားပြီးနောက် သွေးမည်းမည်းများထွက်လာသောအခါ မန်းများထွက်လာပြီ (မကောင်းတဲ့မန်းရည်များ ထွက်လာပြီ) ဟုဆိုကြသည်။ လူနာများကလည်း ကျေနပ်ပြီး စိတ်အထင်ဖြင့် အနာသက်သာသွားသည်။ အမှန်မှာ ဤနည်းသည် စိတ်ကိုလှည့်စားသော ကုသနည်းနှင့်တူသည်။

ဆရာဝန်ကြီးတချို့၏ပြောပြချက်အရ အရေပြားကို သွေးစို့အောင်ဖောက်ပြီး ထွက်လာသောသွေးကို ပုလင်း သို့မဟုတ် စုပ်ခွက်ဖြင့် စုပ်ခံရသူတစ်ဦးမှာ အနာများရောင်ကိုင်းပြီး အဖျားဝင်လာသဖြင့် ဆေးရုံ၌ စစ်ဆေးကြည့်သောအခါ မေးခိုင်ပိုးကြောင့် အဖျားဝင်နေသည်ကို တွေ့ရသည်။

တခြားလူနာတစ်ဦးမှာလည်း ဒူးခေါင်းရောင်သောနေရာကို ကြံရွက်နှင့်ခြစ်ပြီး ဆေးစည်းပေးလိုက်ရာမှ အနာဖြစ်ကာ အနာမကျက်တော့သဖြင့် စစ်ဆေးကြည့်သောအခါ ထိုလူနာတွင် မျိုးရိုးလိုက် ဆီးချိုရောဂါရှိနေကြောင်း တွေ့ရသည်။ ဆီးချိုရောဂါရှိသူများမှာ ပွန်းရှဒဏ်ရာများမှ အတွင်းထိလိုက်စားသော အနာဖြစ်သွားတတ်သဖြင့် ခလုတ်မတိုက်မိအောင်ပင် အထူးသတိထားရသည်။

လေးဖက်နာမဟုတ်ဘဲ ဒူလာဟုခေါ်သော အဆစ်ကြီးတစ်ဆစ်စီရောင်လေ့ရှိသည့် ဂေါက် (Gout) ရောဂါမှာလည်း ဤအတိုင်းပင်ဖြစ်သည်။ ရောင်သည့်နေရာတွင် ပူပြီးအထိမခံနိုင်အောင် ခံစားရသည်။ ခြေမဆစ်၊ လက်မဆစ်၊ ခြေမျက်စိ၊ ဒူးဆစ်တို့တွင် ထိခိုက်မှုတစ်စုံတစ်ရာမရှိဘဲ ရောင်လာတတ်သည်။

ဂေါက်ရောဂါ သို့မဟုတ် အဆစ်တစ်ဆစ်စီရောင်သည့် ဒူလာဂေါက်ရောဂါကို သွေးဖောက်၍မကုရပါ။ အနှိပ်လည်းမခံရပါ။ အသားစားခြင်းကို ၁၀ ရက်ခန့် ရှောင်ကြဉ်ပြီး ငါး၊ အသီးအနှံနှင့် အသီးဖျော်ရည်များကိုသာစားသုံးခြင်း သို့မဟုတ် သက်သတ်လွတ်စားသုံးခြင်းဖြင့် ကုသခြင်းသာ အကောင်းဆုံးဖြစ်သည်။

တစ်ခါတစ်ရံ အဆစ်များရောင်ခြင်း၊ မခံမရပ်နိုင်အောင် နာကျင်ခြင်းကြောင့် သွေးလန့်ပြီး ခေါင်းကိုက်တတ်သည်။

**''အကြောတက်၊ ခေါင်းကိုက်သည်ဆိုလျှင် တိုင်းရင်းဆေးဆရာများက အကိုက်အခဲပျောက်ဆေးမပေးဘဲ အစာကြေဆေးပေးကြသည်။ လူနာများက နားမလည်ဖြစ်ကြရသည်။ ခေါင်းမကိုက်ဖို့ အစာကြေဆေးပေးခြင်းသည် ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းမခဲဟူသော ကုထုံးကြောင့်ဖြစ်ကြောင်း လူနာများကို ရှင်းပြရန်လိုပေသည်. . .''**

ဂေါက်ရောဂါမှန်လျှင် လုံးဝမနှိပ်သင့်ပေ။ သွေးဖောက်ကုသမှုလည်း မလုပ်သင့်ပါ။ အဘယ်ကြောင့်ဆိုသော် ဂေါက်အဆစ်ရောင်ရောဂါရှိသူ အတော်များများမှာ အသည်း၊ ကျောက်ကပ်နှင့် ဆီးချိုရောဂါများရှိတတ်သောကြောင့်ဖြစ်သည်။

အနောက်တိုင်းဆေးပညာအဆိုအရ အသည်းနှင့် ကျောက်ကပ်မကောင်းသော လူကြီးများတွင် ယူရစ်အက်စစ်ဟုခေါ်သော ဖြူဖြူအနည်မှုန်များသည် ဆီးမှ မစွန့်ပစ်နိုင်သဖြင့် သွေးအတွင်းတွင် မျောပါလာသည်။ အဆစ်တစ်နေရာရာတွင် အက်စစ်အနည်မှုန်များ ရောက်သွားပြီး အဆစ်နှစ်ခုလှုပ်ရှားသည့်အခါတိုင်း ပွတ်တိုက်မိသည်။ ပွတ်တိုက်မှုကြောင့် ရောင်လာပြီး အဆစ်နှစ်ခုကြားမှ ဝါရှာကဲ့သို့ခံထားသော ခုတုံး၊ အရွတ်တုံး ရောင်လာခြင်းဖြစ်သည်။ လူ့သဘာဝ ရောင်သောနေရာတွင် အရည်များစုလာတတ်သည်။ နာကျင်ခြင်းဝေဒနာကြောင့် စိတ်မသက်မသာဖြစ်ကာ ခေါင်းကိုက်ရခြင်းဖြစ်သည်။

နောက်တစ်မျိုးမှာ ပိုးလေးဖက်နာကဲ့သို့ အသီးရောင်ပိုး၊ အသက်ရှူလမ်းကြောင်းတွင် ပိုးဝင်၍ဖြစ်သောရောဂါမျိုးတွင် အာခေါင်မှ နှာခေါင်းသို့ဆက်သွယ်သော ဝင်ပေါက်၊ နှာရိုးရင်းရှိအရွတ်၊ အရိုးနတို့ရောင်ခြင်းကြောင့် နှာပိတ်ခြင်း၊ နှာရည်ယိုခြင်းမှ စတင်ကာ ခေါင်းကိုက်လာတတ်သည်။ ထိုရောဂါမျိုးအတွက် ခေါင်းကိုက်ပျောက်ဆေး သောက်ခြင်းထက် တိုင်းရင်းဆေး၊ မိုင်းရှူဆေးက မီးခဲပေါ်တွင်ဖြူး၍ ရှူပေးရသောနည်းက ပို၍ထိရောက်သည်။ ခေါင်းကိုက်အမြန်သက်သာစေသည်။ မိုင်းရှူဆေးအဖြစ် တိုင်းရင်းဆေးသုံး အကင်းဆယ်ပါးဆေးကို သုံးစွဲကြသည်။ ယင်းဆေးကို ပရဆေးဆိုင်များတွင် အလွယ်တကူဝယ်ယူရရှိနိုင်သည်။ တိုင်းရင်းဆေးခန်းများတွင်လည်း ရရှိနိုင်သည်။

တခြား ခေါင်းကိုက်ခြင်းတစ်မျိုးမှာ ရောဂါကုသရာတွင် ဆေးကြောင့်ဖြစ်သော နောက်ဆက်တွဲရောဂါဖြစ်သည်။

အကြောတက်၊ အဆစ်ကိုက်၊ အဆစ်ရောင်၊ လေးဖက်နာရောဂါသည်များမှာ နာတာရှည်ဖြစ်လေ့ရှိသဖြင့် အကိုက်အခဲပျောက်ဆေးများကို အလွယ်တကူ သောက်လေ့ရှိကြသည်။ ထိုသို့ သောက်ရာမှ အစာအိမ်ရောင်ခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းတွင် သွေးကြောငယ်များ စိမ့်ပေါက်ခြင်းအပြင် အစာမစားချင်ဖြစ်ပြီး စားလျှင်လည်း အစာမကြေဖြစ်လာသည်။

ခေါင်းကိုက်ခြင်းအမျိုးမျိုးတွင် အစာမကြေခေါင်းကိုက်ရောဂါသည် အဆိုးဆုံးဖြစ်သည်။ အစာမစားလျှင် မကိုက်သော်လည်း အစာစားပြီးသည်နှင့် နာရီဝက်အတွင်း ခေါင်းကိုက်လာသည်။ အစားများလျှင် ပို၍ကိုက်သည်။ အစာအိမ်အတွင်း ရှိအနာနှင့် အစာခြေရည်များ ထိတွေ့သောအခါ အစာမကြေဘဲ လေချဉ်များဖြစ်လာသည်။ ထိုလေချဉ်များသည် ပါးစပ်မှ ဆန်ပြီး အပြင်ထွက်သည့်အခါလည်းရှိသည်။ ထိုသို့မထွက်လျှင် ခေါင်းကိုက်လာလေ့ရှိသည်။

ထို့ပြင် အကြောတက်၊ ခေါင်းကိုက်သည်ဆိုလျှင် တိုင်းရင်းဆေးဆရာများက အကိုက်အခဲပျောက်ဆေးမပေးဘဲ အစာကြေဆေးပေးကြသည်။ လူနာများက နားမလည်ဖြစ်ကြရသည်။ ခေါင်းမကိုက်ဖို့ အစာကြေဆေးပေးခြင်းသည် ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းမခဲဟူသောကုထုံးကြောင့်ဖြစ်ကြောင်း လူနာများကို ရှင်းပြရန်လိုပေသည်။

အကြောတက်၊ အဆစ်ရောင်၊ လေးဖက်နာရောဂါ နှစ်ကာလရှည်ကြာစွာခံစားနေရသူများသည် အကိုက်အခဲပျောက်ဆေးများနှင့် ယဉ်ပါးလာကြသူများဖြစ်သည်။ တချို့မှာ တော်ရုံအကိုက်အခဲပျောက်ဆေးနှင့်မတိုး။ ထိုသူတို့မှာ အစာအိမ်နှင့် သွေးကြောများပါရောင်သောအဆင့်သို့ရောက်သောအခါ ခေါင်းကိုက်ခြင်းဝေဒနာကို နောက်ဆက်တွဲရောဂါအဖြစ် ခံစားလာကြရတော့သည်။

ထိုသူများအတွက် အကြံပေးလိုသည်မှာ မည်သည့်ဆေးမျိုးသောက်နေရသည်ဖြစ်စေ အစာစားပြီးလျှင် အစာကြေဆေးတစ်မျိုးမျိုးသောက်ရန်လိုသည်။ အစာကြေဆေးသောက်သည့်အခါတွင်လည်း အစာစားပြီးပြီးချင်းသောက်လျှင် အစာအိမ်ထဲတွင် အချဉ်ပေါက်သောအစာများနှင့်ရောမွှေပြီး ဆေးဓာတ်ပြယ်သွားတတ်သည်။ ထို့ကြောင့် အစာအနည်ထိုင်ချိန် (စားပြီးနာရီဝက်ခန့်ကြာသည့်အချိန်) ကျမှ သောက်သင့်သည်။

ထို့ပြင် ခေါင်းကိုက်တတ်သူများသည် အစာစားနေချိန် ရေသောက်ခြင်း၊ ရေခဲရေသောက်ခြင်းကိုလည်း ရှောင်ကြဉ်သင့်သည်။ အစာခြေရည်ကို အားပျော့စေသည်။ အရည်သောက်၊ ဟင်းချိုရည်တို့တွင် ရေပါဝင်သင့်သလောက် ပါဝင်ပြီးဖြစ်သဖြင့် ထပ်သောက်လျှင် ရေနှင့်အစာမျှတဖြစ်နိုင်သည်။ တချို့ ဝမ်းမီးအားနည်း၍ အစာမကြေသူများ ထမင်းစားပြီးလျှင် ချက်ချင်းရေမသောက်သင့်ပေ။ ထမင်းစားပြီး ရင်ပူနေလျှင် ပို၍အစာကြေသည်။ နာရီဝက်ခန့်ကြာမှ ရေသောက်ခြင်းက ပို၍အစာခြေအား ကောင်းစေသည်။

အကိုက်အခဲပျောက်ဆေးများ၊ ဆေးပြင်းများသောက်ရသည့် နာတာရှည်ရောဂါခံစားနေရသူများ နောက်ဆက်တွဲဖြစ်လေ့ရှိသော ခေါင်းကိုက်ရောဂါသည် အစာအိမ်နှင့်သွေးကြောများရောင်ခြင်းကြောင့်ဖြစ်နိုင်သဖြင့် အထူးသတိထားကြရန်လိုကြောင်း ရေးသားလိုက်ရပါသည်။ ။

## ငပုတောမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၄၃၀၂၃ ဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

ငပုတော စက်တင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၄၃၀၂၃ ဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်၏ပြောဆိုချက်အရ သိရသည်။

ငပုတောမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးလျာထားဧက ၁၄၃၀၂၃ ကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''ငပုတောမြို့နယ်မှာ မိုးစပါး ၁၄၃၀၂၃ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ မိုးစပါးတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်'' ဟု ဦးထွန်းမျိုးသန့်ကပြောသည်။

ငပုတောမြို့နယ်၌ မိုးစပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများဖြစ်သည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငပုတောမြို့နယ်၌ ပြီးခဲ့သည့်နွေစပါးစိုက်ပျိုးရာသီက နွေစပါး ၇၆၀၇ ဧက စိုက်ပျိုးခဲ့ရာ ဧပြီလအတွင်းက နွေစပါးဧကအားလုံး ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှ ၉၈ တင်းခန့်ထွက်ရှိခဲ့ကြောင်း သိရသည်။

သုတကျော်



# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် စက်တင်ဘာ ၃၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ ယနေ့တွင် ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၄၇ ပေနှင့် ငလိုက်ရေလှောင်တမံတွင် သုည ဒသမ ၁၀ ပေ ကန်ရေပြည့်အမှတ် အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ လျော့ကျလာလျက်ရှိသည်။

အလားတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံ ၂၄၆ ခုအနက်မှ **ယနေ့**တွင် ကန်ရေပြည့် အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှရေကျော် စီးဆင်းနေသည့် ရေလှောင်တမံများမှာ ကရင်ပြည်နယ်တွင် ၁ ခု၊ ချင်းပြည်နယ်တွင် ၃ ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂ ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၀ ခု၊ မကွေးတိုင်းဒေသကြီးတွင် ၉ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ၄ ခု၊ နေပြည်တော်တွင် ၂ ခု၊ မွန်ပြည်နယ်တွင် ၂ ခု၊ ရခိုင်ပြည်နယ်တွင် ၁ ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၃ ခု၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ၂ ခု၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ၁ ခုနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၄ ခု ဖြစ်ပြီး စုစုပေါင်း ၄၄ ခုရှိကာ ယခင်နေ့ ရေကျော်ခဲ့သည့်ရေလှောင်တမံ ၄၇ ခုထက် ၃ ခုလျော့နည်းခြင်းဖြစ်သည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၃၀.၉.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၆ : ၀၀) နာရီ

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၃၀.၉.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၅၀၂၂ | ၆၂၆.၈၆ | ၅၆၄၂၈၉ | ၁၈၈၃၄ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၄၇ | ၁၇၉၆၂ | ၀.၀၁ | ၆၂၇.၂၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၀၃ | ၆၂၄.၄၀ | ၂၅၈၀၄ | - | ၁၀.၆၀ | ၁၀၆၉၆ | - | - | - | ၆၂၄.၃၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၂၄ | ၅၁၈.၇၀ | ၈၈၂၁၁ | ၂၂၂ | ၁.၃၀ | ၃၅၄၉ | - | - | - | ၅၁၈.၇၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၃၀ | ၁၀၉၄၂ | ၇ | ၁.၇၀ | ၁၃၁၅ | - | - | - | ၅၁၀.၄၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၁၇၉ | ၄၃၇.၆၅ | ၆၈၉၅၀ | ၂၅ | ၁.၃၅ | ၄၀၅၀ | - | - | - | ၄၃၇.၆၅ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၉၆ | ၅၃၅.၁၀ | ၇၅၂၈၈ | - | - | - | ၀.၁၀ | ၆၂ | - | ၅၃၅.၁၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၅၆ | ၇၉၀၅ | - | ၁.၄၄ | ၈၁၃ | - | - | - | ၄၁၆.၅၉ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၆၃ | ၇၀၂.၇၅ | ၁၀၃၃၀၉ | ၂ | ၇.၂၅ | ၃၉၇၈၁ | - | - | - | ၇၀၂.၇၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၇ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၅ | ၈၆၄.၅၀ | ၁၀၇၀၁ | - | ၅.၅၀ | ၃၈၉၉ | - | - | - | ၈၆၄.၇၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေပိုလွှဲမှ ရေကျော်နေသည့် တမံများ၏ အခြေအနေ (၂၉.၉.၂၀၂၄)ရက်နေ့ (၀၆း၀၀)နာရီ

| စဉ် | ရေလှောင်တမံ/ ဆည်/ကန်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် ရေမှတ် (ပေ) | တမံထိပ် ပြင်မြင့် အမှတ် (ပေ) | (၂၈.၉.၂၀၂၄) နံနက် (၀၆း၀၀) နာရီ ရေမှတ် (ပေ) | (၂၉.၉.၂၀၂၄) နံနက် (၀၆း၀၀) နာရီ ရေမှတ် (ပေ) | ခြားနားချက် နှိုင်းယှဉ်ချက် + တိုး - လျော့ (ပေ) | ရေကျော် အမြင့် (ပေ) | တမံထိပ် ရောက်ရှိရန်လို (ပေ) | အမြင့်ဆုံး ရောက်ရှိ ခဲ့သည့် ရေမှတ် (ပေ) | အမြင့်ဆုံး ရေကျော် ခဲ့သည့် အမြင့်(ပေ) | အမြင့်ဆုံး ရေမှတ် ရောက်ရှိ ခဲ့သည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကရင်ပြည်နယ် | | | | | | | | | | | |
| ၁ | ရေဘုတ် | ဘားအံ/လှိုင်းဘွဲ့ | ၆၃.၀၀ | ၇၁.၀၀ | ၆၃.၆၀ | ၆၃.၅၀ | -၀.၁၀ | ၀.၅၀ | ၇.၅၀ | ၆၉.၆၀ | ၆.၆၀ | ၂၉.၇.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| | | ချင်းပြည်နယ် | | | | | | | | | | | |
| ၂ | လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၈၄.၅၀ | ၆၂၉၀.၀၀ | ၆၂၈၅.၀၀ | ၆၂၈၅.၀၀ | ၀.၀၀ | ၀.၅၀ | ၅.၀၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |
| ၃ | အောက်လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၀၀.၇၅ | ၆၂၁၀.၀၀ | ၆၂၀၀.၈၅ | ၆၂၀၀.၈၅ | ၀.၀၀ | ၀.၁၀ | ၉.၁၅ | ၆၂၀၁.၉၅ | ၁.၂၀ | ၅.၇.၂၀၂၀ | ။ |
| ၄ | သီကီရ် | ဟားခါး/ထန်တလန် | ၅၀၀၀.၀၀ | ၅၀၁၀.၀၀ | ၅၀၀၀.၃၅ | ၅၀၀၀.၃၅ | ၀.၀၀ | ၀.၃၅ | ၉.၆၅ | - | - | - | ။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | |
| ၅ | မြောက်ယမား | ပုလဲ/ပုလဲ | ၄၈၇.၀၀ | ၄၉၈.၀၀ | ၄၈၉.၀၀ | ၄၈၉.၀၀ | ၀.၀၀ | ၂.၀၀ | ၉.၀၀ | ၄၉၄.၂၀ | ၇.၂၀ | ၂၀.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၆ | ရာဇဂြိုဟ် | ကလေး/ကလေး | ၆၄၀.၅၀ | ၆၆၀.၀၀ | ၆၄၃.၀၀ | ၆၄၂.၆၀ | -၀.၄၀ | ၂.၁၀ | ၁၇.၄၀ | ၆၅၃.၆၀ | ၁၃.၆၀ | ၃၁.၇.၂၀၁၅ | ။ |
| | | ပဲခူးတိုင်းဒေသကြီး | | | | | | | | | | | |
| ၇ | ရေသိုး | တောင်ငူ/အုတ်တွင်း | ၂၂၀.၀၀ | ၂၃၀.၀၀ | ၂၂၀.၄၀ | ၂၂၀.၄၀ | ၀.၀၀ | ၀.၄၀ | ၉.၆၀ | ၂၂၃.၉၀ | ၃.၉၀ | ၇.၁၀.၂၀၀၈ | စိုးရိမ်ရန်မရှိပါ။ |

စာမျက်နှာ ၁၀ သို့◆

◆ စာမျက်နှာ ၉ မှအဆက်

| စဉ် | ရေလှောင်တမံ/ဆည်/ကန်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့်ရေမှတ် (ပေ) | တမံထိပ်ပြင်မြင့်အမှတ် (ပေ) | (၂၈.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | (၂၉.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | ခြားနားချက် နှိုင်းယှဉ်ချက် + တိုး - လျော့ (ပေ) | ရေကျော်အမြင့် (ပေ) | တမံထိပ်ရောက်ရှိရန်လို (ပေ) | အမြင့်ဆုံးရောက်ရှိခဲ့သည့်ရေမှတ် (ပေ) | အမြင့်ဆုံးရေကျော်ခဲ့သည့်အမြင့်(ပေ) | အမြင့်ဆုံးရေမှတ်ရောက်ရှိခဲ့သည့်ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၈ | မင်းရဲ | တောင်ငူ/အုတ်တွင်း | ၂၀၅.၀၀ | ၂၁၅.၀၀ | ၂၀၅.၁၀ | ၂၀၅.၂၀ | ၀.၁၀ | ၀.၂၀ | ၉.၈၀ | ၂၁၁.၅၀ | ၆.၅၀ | ၃.၈.၂၀၂၀ | ။ |
| ၉ | ငမြေ | တောင်ငူ/ဖြူး | ၂၃၃.၀၀ | ၂၄၂.၀၀ | ၂၃၃.၂၀ | ၂၃၃.၃၀ | ၀.၁၀ | ၀.၃၀ | ၈.၇၀ | ၂၃၆.၂၀ | ၃.၂၀ | ၁၃.၁၁.၂၀၀၁ | ။ |
| ၁၀ | ပျဉ်ပုံကြီး | ညောင်လေးပင်/ဒိုက်ဦး | ၁၅၆.၀၀ | ၁၆၄.၀၀ | ၁၅၆.၄၀ | ၁၅၆.၃၀ | -၀.၁၀ | ၀.၃၀ | ၇.၇၀ | ၁၆၀.၂၀ | ၄.၂၀ | ၈.၁၀.၂၀၂၃ | ။ |
| ၁၁ | ရွှေပြည်(၃) | ပဲခူး/ပဲခူး | ၇၀.၀၀ | ၈၀.၀၀ | ၇၀.၁၀ | ၇၀.၁၀ | ၀.၀၀ | ၀.၁၀ | ၉.၉၀ | ၇၂.၀၀ | ၂.၀၀ | ၁၃.၈.၂၀၀၄ | ။ |
| ၁၂ | တောင်နဝင်းရေထိန်း | ပြည်/ပေါက်ခေါင်း | ၂၀၁.၄၅ | ၂၂၁.၁၄ | ၂၀၂.၇၇ | ၂၀၂.၇၇ | ၀.၀၀ | ၁.၃၂ | ၁၈.၃၇ | ၂၀၅.၅၅ | ၄.၁၀ | ၁.၉.၂၀၁၉ | ။ |
| ၁၃ | ရွှေတောင် | ပြည်/ရွှေတောင် | ၁၉၃.၀၀ | ၂၀၃.၅၀ | ၁၉၄.၃၀ | ၁၉၄.၃၀ | ၀.၀၀ | ၁.၃၀ | ၉.၂၀ | ၁၉၅.၅၀ | ၂.၅၀ | ၂၃.၁၀.၂၀၁၀ | ။ |
| ၁၄ | တောင်ညို | နတ္တလင်း/နတ္တလင်း | ၂၅၅.၀၀ | ၂၇၀.၀၀ | ၂၅၇.၇၅ | ၂၅၇.၅၀ | -၀.၂၅ | ၂.၅၀ | ၁၂.၅၀ | ၂၅၈.၇၅ | ၃.၇၅ | ၂၂.၈.၂၀၀၆ | ။ |
| ၁၅ | ဘော်ဘင်(၂) | သာယာဝတီ/ဇီးကုန်း | ၂၆၅.၀၀ | ၂၈၀.၀၀ | ၂၆၆.၀၀ | ၂၆၅.၈၀ | -၀.၂၀ | ၀.၈၀ | ၁၄.၂၀ | ၂၆၈.၁၀ | ၃.၁၀ | ၄.၉.၂၀၁၄ | ။ |
| ၁၆ | သဲကော | သာယာဝတီ/လက်ပံတန်း | ၁၅၀.၀၀ | ၁၆၀.၀၀ | ၁၅၁.၆၀ | ၁၅၁.၅၀ | -၀.၁၀ | ၁.၅၀ | ၈.၅၀ | ၁၅၃.၁၅ | ၃.၁၅ | ၁၁.၉.၂၀၁၉ | ။ |
| ၁၇ | သုံးဆယ် | သာယာဝတီ/သာယာဝတီ | ၂၃၄.၀၀ | ၂၄၆.၀၀ | ၂၃၆.၃၀ | ၂၃၆.၀၀ | -၀.၃၀ | ၂.၀၀ | ၁၀.၀၀ | ၂၃၆.၀၀ | ၂.၀၀ | ၃၀.၉.၂၀၂၃ | ။ |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၁၈ | နတ်မောက် | မကွေး/နတ်မောက် | ၆၈၃.၀၀ | ၇၀၆.၅၀ | ၆၈၄.၆၀ | ၆၈၄.၃၀ | -၀.၃၀ | ၁.၃၀ | ၂၂.၂၀ | ၆၈၉.၅၀ | ၆.၅၀ | ၅.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၁၉ | မြစ်သာ | ဂန့်ဂေါ/ဂန့်ဂေါ | ၁၀၁၀.၀၀ | ၁၀၃၀.၀၀ | ၁၀၁၂.၃၀ | ၁၀၁၂.၀၀ | -၀.၃၀ | ၂.၀၀ | ၁၈.၀၀ | ၁၀၁၇.၇၀ | ၇.၇၀ | ၁၈.၁၀.၂၀၂၁ | ။ |
| ၂၀ | ဝန်ချောင်း(ကဇွန်းမ) | ပခုက္ကူ/ဆိပ်ဖြူ | ၄၁၀.၀၀ | ၄၂၀.၀၀ | ၄၁၀.၅၀ | ၄၁၀.၄၀ | -၀.၁၀ | ၀.၄၀ | ၉.၆၀ | ၄၁၆.၀၀ | ၆.၀၀ | ၂၃.၁၀.၂၀၁၀ | ။ |
| ၂၁ | စလင်း | မင်းဘူး/စလင်း | ၇၆၀.၀၀ | ၇၈၀.၀၀ | ၇၆၁.၄၀ | ၇၆၁.၂၀ | -၀.၂၀ | ၁.၂၀ | ၁၈.၈၀ | ၇၇၃.၆၀ | ၁၃.၆၀ | ၂၀.၁၀.၂၀၁၁ | ။ |
| ၂၂ | မုန်းချောင်း | မင်းဘူး/စေတုတ္တရာ | ၅၂၀.၀၀ | ၅၆၀.၀၀ | ၅၂၅.၅၀ | ၅၂၄.၈၀ | -၀.၇၀ | ၄.၈၀ | ၃၅.၂၀ | ၅၅၅.၈၀ | ၃၅.၈၀ | ၃၁.၇.၂၀၁၅ | ။ |
| ၂၃ | မန်းချောင်း | မင်းဘူး/ငဖဲ | ၆၂၅.၀၀ | ၆၄၀.၀၀ | ၆၂၆.၁၀ | ၆၂၆.၀၀ | -၀.၁၀ | ၁.၀၀ | ၁၄.၀၀ | ၆၃၂.၈၀ | ၇.၈၀ | ၉.၈.၁၉၉၉ | ။ |
| ၂၄ | ရင်းရှည် | မင်းဘူး/ငဖဲ | ၆၀၂.၀၀ | ၆၁၀.၀၀ | ၆၀၂.၂၀ | ၆၀၂.၁၀ | -၀.၁၀ | ၀.၁၀ | ၇.၉၀ | ၆၀၉.၁၀ | ၇.၁၀ | ၁၄.၅.၂၀၂၃ | ။ |
| ၂၅ | ကြီးအုံကြီးဝ | မင်းဘူး/ပွင့်ဖြူ | ၃၄၀.၀၀ | ၃၈၀.၅၀ | ၃၄၆.၅၀ | ၃၄၆.၀၀ | -၀.၅၀ | ၆.၀၀ | ၃၄.၅၀ | ၃၇၃.၀၀ | ၃၃.၀၀ | ၃၁.၇.၂၀၁၅ | ။ |
| ၂၆ | ဘွက်ကြီး | သရက်/အောင်လံ | ၄၂၀.၀၀ | ၄၃၈.၀၀ | ၄၂၀.၉၀ | ၄၂၀.၇၀ | -၀.၂၀ | ၀.၇၀ | ၁၇.၃၀ | ၄၂၃.၈၀ | ၃.၈၀ | ၂၉.၁၀.၂၀၁၃ | ။ |
| ၂၇ | ပဒဲ | သရက်/အောင်လံ | ၄၉၅.၀၀ | ၅၀၈.၀၀ | ၄၉၅.၂၀ | ၄၉၅.၁၀ | -၀.၁၀ | ၀.၁၀ | ၁၂.၉၀ | ၄၉၈.၀၀ | ၃.၀၀ | ၂၉.၁၀.၂၀၁၃ | ။ |
| ၂၈ | မဒေး | သရက်/ကံမ | ၄၃၄.၀၀ | ၄၅၁.၀၀ | ၄၃၅.၁၀ | ၄၃၄.၇၀ | -၀.၄၀ | ၀.၇၀ | ၁၆.၃၀ | ၄၄၀.၅၀ | ၆.၅၀ | ၁၂.၁၀.၂၀၁၅ | ။ |
| | | **မန္တလေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၂၉ | သစ်ဆုံ | ရမည်းသင်း/ရမည်းသင်း | ၈၄၀.၀၀ | ၈၄၇.၅၀ | ၈၄၀.၂၀ | ၈၄၀.၂၀ | ၀.၀၀ | ၀.၂၀ | ၇.၃၀ | ၈၄၁.၀၀ | ၁.၀၀ | ၁၃.၁၀.၂၀၁၇ | စိုးရိမ်ရန်မရှိပါ။ |
| ၃၀ | လဲဖြူ | ရမည်းသင်း/ရမည်းသင်း | ၇၈၈.၀၀ | ၇၉၇.၀၀ | ၇၈၈.၁၀ | ၇၈၈.၁၀ | ၀.၀၀ | ၀.၁၀ | ၈.၉၀ | ၇၉၀.၇၀ | ၂.၇၀ | ၁၉.၉.၂၀၂၂ | တမံထိပ်ရေကျော်ခဲ့သော်လည်း ထိခိုက်မှုမရှိပါ။ |
| ၃၁ | ကျောက်တစ်လုံးရေကူ | မြင်းခြံ/တောင်သာ | ၇၂၂.၀၀ | ၇၃၅.၀၀ | ၇၂၂.၃၀ | ၇၂၂.၂၀ | -၀.၁၀ | ၀.၂၀ | ၁၂.၈၀ | ၇၂၆.၈၀ | ၄.၈၀ | ၁၅.၁၀.၂၀၁၀ | စိုးရိမ်ရန်မရှိပါ။ |
| ၃၂ | ကျောက်တစ်လုံး | မြင်းခြံ/တောင်သာ | ၆၄၅.၀၀ | ၆၅၈.၀၀ | ၆၄၅.၂၀ | ၆၄၅.၂၀ | ၀.၀၀ | ၀.၂၀ | ၁၂.၈၀ | ၆၄၆.၉၀ | ၁.၉၀ | ၂၄.၁၀.၂၀၁၀ | ။ |
| | | **နေပြည်တော်** | | | | | | | | | | | |
| ၃၃ | ပေါင်းလောင်း | ဥတ္တရ/ဇေယျာသီရိ | ၆၂၃.၃၉ | ၆၆၆.၀၄ | ၆၂၇.၃၂ | ၆၂၇.၂၉ | -၀.၀၃ | ၃.၉၀ | ၃၈.၇၅ | ၆၃၅.၂၆ | ၁၁.၈၇ | ၁၄.၉.၂၀၂၄ | စိုးရိမ်ရန်မရှိပါ။ |
| ၃၄ | ငလိုက် | ဥတ္တရ/ဥတ္တရသီရိ | ၅၃၅.၀၀ | ၅၅၅.၀၀ | ၅၃၅.၁၀ | ၅၃၅.၁၀ | ၀.၀၀ | ၀.၁၀ | ၁၉.၉၀ | ၅၃၇.၅၅ | ၂.၅၅ | ၁၀.၉.၂၀၀၅ | ။ |
| | | **မွန်ပြည်နယ်** | | | | | | | | | | | |
| ၃၅ | ဝါးပါး | သထုံ/သထုံ | ၉၆.၀၀ | ၁၀၅.၅၀ | ၉၆.၅၀ | ၉၆.၅၀ | ၀.၀၀ | ၀.၅၀ | ၉.၀၀ | ၁၀၁.၇၅ | ၅.၇၅ | ၁၆.၈.၁၉၉၄ | စိုးရိမ်ရန်မရှိပါ။ |
| ၃၆ | ကဖိုင်း | သထုံ/ဘီးလင်း | ၅၈.၀၀ | ၆၈.၀၀ | ၅၈.၄၀ | ၅၈.၃၅ | -၀.၀၅ | ၀.၃၅ | ၉.၆၅ | ၆၃.၈၀ | ၅.၈၀ | ၁၄.၁၀.၂၀၀၇ | ။ |
| | | **ရခိုင်ပြည်နယ်** | | | | | | | | | | | |
| ၃၇ | ဟင်းရွက်ချောင်း | မြောက်ဦး/အမ်း | ၉၅.၀၀ | ၁၀၅.၀၀ | ၉၆.၄၀ | ၉၆.၄၀ | ၀.၀၀ | ၁.၄၀ | ၈.၆၀ | ၉၉.၂၀ | ၄.၂၀ | ၁၅.၆.၂၀၁၈ | စိုးရိမ်ရန်မရှိပါ။ |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | | | | | | |
| ၃၈ | မဟူရာ(ငမိုးရိပ်)ရေကူ | လှည်းကူး/လှည်းကူး | ၂၁၆.၀၀ | ၂၂၆.၀၀ | ၂၁၇.၃၀ | ၂၁၇.၀၀ | -၀.၃၀ | ၁.၀၀ | ၉.၀၀ | ၂၂၁.၄၀ | ၅.၄၀ | ၉.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| ၃၉ | ငမိုးရိပ် | လှည်းကူး/လှည်းကူး | ၁၀၇.၀၀ | ၁၂၀.၀၀ | ၁၀၉.၃၅ | ၁၀၉.၁၀ | -၀.၂၅ | ၂.၁၀ | ၁၀.၉၀ | ၁၁၃.၁၅ | ၆.၁၅ | ၉.၁၀.၂၀၂၃ | ။ |
| ၄၀ | တဘူးလှ | တိုက်ကြီး/တိုက်ကြီး | ၁၉၅.၀၀ | ၂၀၅.၀၀ | ၁၉၆.၅၀ | ၁၉၆.၄၀ | -၀.၁၀ | ၁.၄၀ | ၈.၆၀ | ၁၉၇.၇၀ | ၂.၇၀ | ၉.၁၀.၂၀၂၃ | ။ |
| | | **ရှမ်းပြည်နယ်(တောင်ပိုင်း)** | | | | | | | | | | | |
| ၄၁ | ဇော်ဂျီ | တောင်ကြီး/ရပ်စောက် | ၁၂၂၅.၀၀ | ၁၂၄၀.၀၀ | ၁၂၂၇.၃၀ | ၁၂၂၇.၄၀ | ၀.၁၀ | ၂.၄၀ | ၁၂.၆၀ | ၁၂၂၉.၈၀ | ၄.၈၀ | ၁၂.၁၀.၂၀၀၆ | စိုးရိမ်ရန်မရှိပါ။ |
| ၄၂ | မြို့ကြီး | တောင်ကြီး/ရွာင် | ၆၈၉.၀၀ | ၇၁၄.၀၀ | ၆၉၂.၅၅ | ၆၉၂.၂၀ | -၀.၃၅ | ၃.၂၀ | ၂၁.၈၀ | ၆၉၇.၁၀ | ၈.၁၀ | ၁၀.၉.၂၀၂၄ | ။ |
| | | **ရှမ်းပြည်နယ်(မြောက်ပိုင်း)** | | | | | | | | | | | |
| ၄၃ | မုံးရင် | ကျောက်မဲ/နမ္မတူ | ၁၉၇၅.၀၀ | ၁၉၈၉.၀၀ | ၁၉၇၅.၅၀ | ၁၉၇၅.၅၀ | ၀.၀၀ | ၀.၅၀ | ၁၃.၅၀ | ၁၉၇၉.၆၀ | ၄.၆၀ | ၁၃.၁၀.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | | | | | | |
| ၄၄ | ကွန်ချောင်း | ဟင်္သာတ/ကြံခင်း | ၂၇၇.၀၀ | ၂၈၇.၀၀ | ၂၇၇.၉၀ | ၂၇၇.၈၀ | -၀.၁၀ | ၀.၈၀ | ၉.၂၀ | ၂၈၁.၂၀ | ၄.၂၀ | ၂၁.၈.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| ၄၅ | မမြ | ဟင်္သာတ/မြန်အောင် | ၃၁၅.၀၀ | ၃၃၀.၀၀ | ၃၁၆.၅၀ | ၃၁၆.၃၀ | -၀.၂၀ | ၁.၃၀ | ၁၃.၇၀ | ၃၂၀.၅၀ | ၅.၅၀ | ၁၅.၆.၂၀၁၈ | ။ |
| ၄၆ | နန်ကသူ | ဟင်္သာတ/အင်္ဂပူ | ၂၆၀.၀၀ | ၂၇၅.၀၀ | ၂၆၁.၇၀ | ၂၆၁.၂၀ | -၀.၅၀ | ၁.၂၀ | ၁၃.၈၀ | ၂၇၀.၁၀ | ၁၀.၁၀ | ၉.၇.၂၀၀၆ | ။ |
| ၄၇ | ကညင် | ဟင်္သာတ/အင်္ဂပူ | ၂၈၈.၀၀ | ၃၀၈.၀၀ | ၂၈၉.၇၀ | ၂၈၉.၇၀ | ၀.၀၀ | ၁.၇၀ | ၁၈.၃၀ | ၂၉၈.၉၀ | ၁၀.၉၀ | ၁၁.၆.၂၀၁၈ | ။ |
| | | **ရှမ်းပြည်နယ်(တောင်ပိုင်း)** | | | | | | | | | | | |
| ၁ | အင်းလေးကန် | တောင်ကြီး/ညောင်ရွှေ | ၂၉၀၅.၀၀ | ၂၉၀၅.၀၀ | ၂၉၀၇.၁၀ | ၂၉၀၇.၁၀ | ၀.၀၀ | ၂.၁၀ | -၂.၁၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |

ရေကျော်ရေလှောင်တမံ(၄၇)ခုနှင့် ကန်(၁)ခု၊ စုစုပေါင်း (၄၈)ခု ဖြစ်ပါသည်။

ယခင်နေ့ နံနက် (၀၆:၀၀) နာရီ၏ ရေကျော်ရေလှောင်တမံ (၅၀)ခုထက် ကန်ကြီးကုန်း၊ ခဝါနှင့် ပင်းချောင်းရေလှောင်တမံ(၃)ခု လျော့နည်းခြင်းဖြစ်ပါသည်။

# ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့မှုဖြစ်ပေါ်ခဲ့သည့် စမုံရာဘာရေလွှဲဆည်နှင့် ရေတင်အဆောက်အအုံများ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကြည့်ရှုစစ်ဆေး





**နေပြည်တော် စက်တင်ဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်းရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စမုံရာဘာရေလွှဲဆည်နှင့် ရေတင်အဆောက်အအုံများ ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကြည့်ရှုစဉ် ဆည်မြောင်းနှင့်ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူများက မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းခဲ့မှုများကြောင့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကင်းတားရေလှောင်တမံနှင့် မြို့ကြီးရေလှောင်တမံများ၏ ရေဆင်းဧရိယာ နေရာအနှံ့အပြားမှ ရေများအလုံးအရင်းဖြင့် စီးဆင်းဝင်ရောက်လာခဲ့ပြီး မြို့ကြီးရေလွှဲဆည်၊ မြို့ကြီးမြောင်းမတော်အမှတ်(၁)နှင့် စမုံရေထိန်းတမံ၊ စမုံရာဘာတမံများ၊ ရေတင်စက်များ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်အခြေအနေ၊ ကင်းတားလက်ယာရေသောက်စနစ်ရှိ စိုက်ပျိုးမြေဧရိယာ ၃၈၄၂၈ ဧကကို ရေကူဖြည့်တင်းပေးဝေလျက်ရှိသည့် မြို့ကြီးရေလွှဲဆည်၏ မြေကာနံရံများ၊ စမုံရာဘာတမံထိခိုက်ပျက်စီးခဲ့သဖြင့် မိတ္ထီလာလွင်ပြင်ဒေသရှိ စိုက်ပျိုးမြေဧရိယာ ၈၀၀၀ ဧကသို့ စိုက်ပျိုးရေပုံမှန်ပြန်လည်ပေးဝေနိုင်ရေးအတွက် အချိန်မီပြန်လည်ပြုပြင်ရန် လိုအပ်ချက်များ၊ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ကင်းတားလက်ဝဲမြောင်းမကြီး၊ စမုံရေငုပ်ပြွန်အဆောက်အအုံ၏ အထက်ပိုင်းတွင်ပြင်ဆင်၍မိုးသီးနှံရေပေးဝေနိုင်ရေး အမြန်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကင်းတားလက်ဝဲမြောင်းမကြီး၏ စမုံမြစ်ဖြတ်နေရာတွင်ရေငုပ်ပြွန်အသစ်တစ်ခု ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်နေမှု၊ စမုံရေငုပ်ပြွန် အောက်ပိုင်းရှိလက်တံကိုးနှင့် လက်တံ ၁၀ တို့ရှိ မိုးသီးနှံလျာထား ဧက ၂၅၀၀ ခန့်ကို စမုံမြစ်မှ ရေတင်စနစ်ဖြင့် ကင်းတားလက်ဝဲမြောင်းသို့ ရေပေးဝေနိုင်မည့် နည်းလမ်းရှာဖွေ၍ အမြန်ဆုံးဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး ရေတင်အဆောက်အအုံ အမြင့် ၁၄ ပေခန့်အထိ ရေကြီးနစ်မြုပ်ခဲ့မှု၊ ထိခိုက်ပျက်စီးခဲ့သည့် ၄၀ ကျူဆက်ပန့် လေးလုံး ပြုပြင်ပြီးစီးမှု၊ ၂၈၀ ကီလိုဝပ်ရေတင်မော်တာ လေးလုံး ပြုပြင်နေမှု၊ ကွန်ထရိုးပန်နယ် ပြန်လည်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ထရန်စဖော်မာများ ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာလ ၂၉ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် ဒေသမျိုးရင်းသစ်မျိုးများဖြင့် ၂၀၂၄ ခုနှစ်မိုးရာသီတွင်တည်ထောင်စိုက်ပျိုးခဲ့သော လမ်းဘေးဝဲယာ တစ်အုပ်တစ်မစိုက်ခင်း အပင် ၁၅၀၀ နှင့် တစ်အုပ်တစ်မစိုက်ခင်းအပင် ၁၀၀၀ တို့၏ ရှင်သန်အောင်မြင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စိုက်ပျိုးထားသော အပင်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့နယ်ရှိမြို့မသစ်တောပျိုးဥယျာဉ်၌ သစ်မျိုး ၁၁ မျိုးဖြင့် ပျိုးပင် ၁၂၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(၅၀၀)

## ❑ ရေကြီးရေလျှံမှုမှ

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်တွင် လည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့တို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တွင် လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင်လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများအပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ဎင်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများအစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)





တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။






လွိုင်ကော်မြို့၌ ရေဘေးသင့်ပြည်သူများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# စိန်ရတုမှာ စိန်ကောင်းတစ်ပွင့်ဖြစ်လာတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရတုအဆက်ဆက်တိုင် အောင်မြင်ပါစေ

စိန်ရတုဆိုတာ အကြောင်းအရာတစ်ခုခုက နှစ်ပေါင်း ၇၅ နှစ်တိုင်သည်အထိ တည်တံ့ခိုင်မြဲနေတဲ့အခြေအနေမျိုးကိုခေါ်တာဖြစ်ပါတယ်။ စိန်ဆိုတာကတော့ လူတိုင်းကမြတ်နိုးစွာတန်ဖိုးထားရသလို အဖိုးလည်းထိုက်တန်လှတဲ့ရတနာတစ်မျိုးပါ။

စိန်ဆိုတဲ့ရတနာက ၇၅ နှစ်ဆိုတဲ့ကာလအတွင်းမှာဖြစ်ပေါ်တည်ရှိဖို့ဆိုတာဘယ်လိုမှမဖြစ်နိုင်ပါဘူး။ အနည်းဆုံးတော့ နှစ်ပေါင်း တစ်ဘီလီယံကနေ ၃ ဒသမ ၃ ဘီလီယံအထိ ကြာမြင့်တတ်ပါတယ်။

ဒါပေမဲ့ စိန်ကဲ့သို့သော တန်ဖိုးကြီးမားလှတဲ့၊ အရောင်အသွေးတောက်ပြောင်လှတဲ့ ကမ္ဘာ့ရတနာကြီးတစ်ပါးကတော့ ၇၅ နှစ်ဆိုတဲ့ကာလအတွင်းမှာ ဖြစ်ပေါ်တိုးတက်လာခဲ့ပါတယ်။ အဲဒါကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံပါပဲ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ဒီကနေ့အချိန်အခါမှာ ကမ္ဘာ့နိုင်ငံများကယုံကြည်စွာ အားကိုးအားထားပြုထိုက်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်သာမက ကမ္ဘာပေါ်မှာ မဟာအင်အားကြီးနိုင်ငံတစ်နိုင်ငံလည်းဖြစ်လို့လာနေပါပြီ။

အဘက်ဘက်က မတည်ငြိမ်မှုတွေ၊ အားနည်းချက်တွေရှိနေခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ ၇၅ နှစ်အတွင်းမှာ ဒီကနေ့လိုအနေအထားမျိုးရောက်ရှိဖို့ တော်တော်လေးကိုရုန်းကန်ကြိုးပမ်းခဲ့ရတာပါ။

စိန်ကောင်းတစ်ပွင့်ရဖို့အတွက် ဖိအားများစွာကိုရင်ဆိုင်ရသလို တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း ဖိအားများစွာ၊ စိန်ခေါ်မှုများစွာ၊ အခက်အခဲအကျပ်အတည်းများစွာကို လိမ္မာပါးနပ်စွာကိုင်တွယ်ထိန်းသိမ်းဖြေရှင်းခြင်းအားဖြင့်သာ စိန်ရတုတိုင်လာတဲ့အချိန်မှာ စိန်ကောင်းတစ်ပွင့်ဘဝကို ရရှိခဲ့တာဖြစ်ပါတယ်။

ဒီတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပေါ်မှု သမိုင်းကြောင်းလေးကို နည်းနည်းလောက်ပြောလိုက်ရအောင်။ ပြီးရင်ဖွံ့ဖြိုးတိုးတက်မှုအတွက် သူတို့တွေဘာတွေလုပ်ခဲ့လဲဆိုတာကို အများသူငါအနေနဲ့သိရှိနိုင်အောင် ဆက်လက်တင်ပြသွားပါမယ်။

## သမိုင်းကြောင်း

တရုတ်နိုင်ငံဆိုတာ နှစ်ပေါင်း ၅၀၀၀ ကျော်သက်တမ်းရှိတဲ့ လူ့အဖွဲ့အစည်းကြီးတစ်ခုပါ။ ဒါပေမဲ့ အဲဒီနှစ်တွေအတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ပဒေသရာဇ်စနစ်ပျက်သုဉ်းတာ၊ သူ့ကျွန်ဘဝရောက်ရတာ၊ ပြည်တွင်းစစ်ဖြစ်ပွားရတာတွေရှိပါတယ်။ အဲဒီကာလတွေတုန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုပြီး ဖြစ်ပေါ်လာခြင်းမရှိသေးပါဘူး။

ဒါကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပေါ်လာမှုသမိုင်းကြောင်းကို ပြန်




ကြည့်ရင် ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်မှာ စတင်ခဲ့တာကိုတွေ့ရပါမယ်။ အဲဒီအချိန်တုန်းက တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီဥက္ကဋ္ဌ မော်စီတုန်းက ပေကျင်းမြို့လယ်မှာရှိတဲ့ တီယန်မင်ဂိတ်တံခါးအပေါ်ကနေပြီး တရုတ်နိုင်ငံကို "တရုတ်ပြည်သူ့သမ္မတနိုင်ငံ" လို့ သတ်မှတ်ကြောင်းကြေညာလိုက်တာပါ။

တရုတ်ကွန်မြူနစ်ပါတီအနေနဲ့ ခေတ်ပြောင်းတော်လှန်ရေးမှာ ချန်ကေရှိတ်ဦးဆောင်တဲ့ ကူမင်တန်အစိုးရကို ဖြုတ်ချနိုင်ပြီးနောက် တရုတ်သမ္မတနိုင်ငံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုပြီး အမည်ပြောင်းလဲသတ်မှတ်ကာ နိုင်ငံထူထောင်လိုက်တာဖြစ်ပါတယ်။ အဲဒီနေ့ကိုပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။

အဲဒီနောက် တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်ကြီး မော်စီတုန်းလက်ထက်မှစလို့ ယနေ့တရုတ်သမ္မတ ရှီကျင့်ဖျင်လက်ထက်အထိ ခေါင်းဆောင်အဆင့်ဆင့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုဖွံ့ဖြိုးတိုးတက်မှုတွေရှိလာအောင် ကြံဆောင်ခဲ့ကြသူတွေ၊ လက်တွေ့အကောင်အထည်ဖော်ခဲ့ကြသူတွေဖြစ်ပါတယ်။

## စာတတ်မြောက်မှု

ပြည်သူတွေဟာ ပညာတတ်မြောက်မှ နိုင်ငံတော်လည်းဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတာ တရုတ်ခေါင်းဆောင်တွေက သိပါတယ်။ ဒါကြောင့် ပညာရေးကိုဦးစားပေးပြီး အကောင်အထည်ဖော်မှုတွေလုပ်ဆောင်ခဲ့ရာ ၁၉၄၉ ခုနှစ်မှာ စာဖတ်တတ်သူအရေအတွက်က လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းသာရှိရာမှ နှစ်ပေါင်း ၃၀ ကြာပြီးတဲ့အချိန်မှာ စာဖတ်တတ်သူဦးရေ ၆၅ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာပါတယ်။

၂၀၂၁ ခုနှစ်မှာစာတတ်မြောက်မှုနှုန်းက ၉၉ ဒသမ ၈ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီလို့ ကမ္ဘာ့ဘဏ်ရဲ့ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။ ဒါကြောင့် ၂၀၂၄ ခုနှစ်မှာ တရုတ်နိုင်ငံရဲ့စာတတ်မြောက်မှုနှုန်းက ရာနှုန်းပြည့်ဖြစ်နေပြီလို့ယုံကြည်ရပါတယ်။

နိုင်ငံသားတွေစာတတ်မြောက်မှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ခေါင်းဆောင်အသီးသီးက ဖော်ဆောင်ခဲ့ပါသေးတယ်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတွေထဲမှာတော့ ယနေ့ကမ္ဘာမှာ တရုတ်နိုင်ငံကအအောင်မြင်ဆုံးဖြစ်နေတာကိုတွေ့ရမှာပါ။

## စီးပွားရေး

ဒီလိုအောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ တံခါးဖွင့်မူဝါဒကို တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်တစ်ဦးဖြစ်တဲ့ တိန့်ရှောင်ဖိန်ကချမှတ်ခဲ့ပါတယ်။

မူဝါဒချမှတ်မှုနဲ့အတူ တခြားနိုင်ငံတွေရဲ့ စီးပွားရေးလုပ်ဆောင်မှုနည်းနာတွေကိုလည်း လေ့လာစေခဲ့ပါသေးတယ်။ တိန့်ရှောင်ဖိန်လက်ထက်မှာ စင်ကာပူနိုင်ငံကိုသွားရောက်ပြီး စီးပွားရေးဆိုင်ရာနည်းနာနိဿယတွေကိုဆည်းပူးဖို့စေလွှတ်ခံရတဲ့အရာရှိစုစုပေါင်း ၂၂၀၀၀ ကျော်ရှိပါတယ်။

ဒါ့အပြင် အထူးစီးပွားရေးဇုန်တွေကိုလည်း ဖော်ထုတ်နိုင်ခဲ့သလို ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ဝင်ရောက်စေခဲ့ပြန်ပါတယ်။ ၁၉၈၄ ခုနှစ်မေလမှာ ရှန်ဟိုင်း၊ ကွမ်ကျိုးနဲ့ တီယန်ကျင်းတို့အပါအဝင် ကမ်းရိုးတန်းမြို့ပေါင်း ၁၄ မြို့ကို "တံခါးဖွင့်ကမ်းရိုးတန်းမြို့များ" အဖြစ်ခေါ်ဝေါ်သတ်မှတ်ပြီး စီးပွားရေးတိုးတက်မှုတွေရရှိအောင် ကြိုးပမ်းအားထုတ်ခဲ့ပါတယ်။

တိန့်ရှောင်ဖိန်ဟာ နောင်တစ်ချိန်မှာ သိပ္ပံနှင့်နည်းပညာကသာ အခရာဖြစ်လာမယ်ဆိုတာကို ကြိုသိခဲ့သလိုပါပဲ။ သိပ္ပံနှင့်နည်းပညာက ပင်မကုန်ထုတ်လုပ်မှုစွမ်းအားဖြစ်တယ်လို့ကိုသတ်မှတ်ပြီးတော့ မူဝါဒချမှတ်အကောင်အထည်ဖော်မှုတွေကိုလုပ်ဆောင်ခဲ့ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ကိုယ်တိုင်လည်းတံခါးဖွင့်ဝါဒကို ကျင့်သုံးပြီး ပြည်တွင်းမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို လက်ခံခြင်းအားဖြင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ခဲ့သလို ပြည်ပနိုင်ငံများနဲ့ဆက်ဆံရေးကောင်းများတည်ဆောက်ပြီး ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေတဲ့ စီးပွားရေးအခွင့်အလမ်းများကိုလည်း ဖော်ဆောင်ခဲ့ပါတယ်။

အခုဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ကမ္ဘာပေါ်မှာဒုတိယမြောက်စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာသလို သူ့ရဲ့ဂျီဒီပီကလည်း ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်အတွင်းမှာ ယွမ် ၆၁ ဒသမ ၆၈ ထရီလီယံအထိ ရရှိထားတာကိုတွေ့ရပါတယ်။

ဒီပမာဏဟာ ပြီးခဲ့တဲ့နှစ်နဲ့နှိုင်းယှဉ်ရင်တော့ ၅ ရာခိုင်နှုန်းတိုးတက်လာတာပါ။ သူတို့အနေနဲ့ အခုလိုမျိုးစီးပွားရေးတိုးတက်ရမှုမှာ စက်မှုကုန်ထုတ်လုပ်ငန်းက အဓိကနေရာကနေပါဝင်နေတာဖြစ်ပါတယ်။

## နိုင်ငံရေး

တိန့်ရှောင်ဖိန်လက်ထက်မှာ နိုင်ငံရေးပြောင်းလဲမှုတွေကိုအဓိကထားလုပ်ဆောင်ခဲ့တာပါ။ ဒီလိုမျိုး ပြောင်းလဲမှုကြောင့်ပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီကို အရှိန်အဟုန်နဲ့ အရောက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုစတင်တည်ထောင်စဉ်က သမားရိုးကျတောင်သူလယ်သမားအသိုင်းအဝိုင်းကနေ ဆိုရှယ်လစ်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ မော်စီတုန်းအနေနဲ့ နိုင်ငံကောင်းစားမယ်ဆိုတဲ့မျှော်မှန်းချက်နဲ့ ဒီစနစ်ကိုပြောင်းလဲကျင့်သုံးခဲ့ပေမယ့် ထင်သလောက်ခရီးမပေါက်ခဲ့ပါဘူး။

တိန့်ရှောင်ဖိန်လက်ထက်မှာတော့ နိုင်ငံရေးစနစ်တွေကို စတင်ပြောင်းလဲခဲ့ပါတယ်။ ဒီလိုပြောင်းလဲရတဲ့ ရည်ရွယ်ချက်က အုပ်ချုပ်မှုလုပ်ငန်းတွေကို ကောင်းမွန်ထိရောက်စွာလုပ်ဆောင်နိုင်စေဖို့၊ ပါတီနဲ့အစိုးရကြားက တာဝန်ယူ၊ တာဝန်ခံမှုတွေကို ကွဲကွဲပြားပြားရှိစေဖို့နဲ့ ဗျူရိုကရေစီစနစ်ကို အပြီးတိုင်ဖျက်သိမ်းဖို့အတွက်ပါပဲ။

လက်ရှိမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကွန်မြူနစ်စနစ်ကိုကျင့်သုံးနေတယ်ဆိုပေမယ့်လည်း ဗဟိုဦးစီးချုပ်ကိုင်မှုရှိတဲ့ ကွန်မြူနစ်စနစ်တော့မဟုတ်ပါဘူး။ တရုတ်မူဟန်နဲ့ ပြည်သူကိုမဏ္ဍိုင်ပြုတဲ့ ကွန်မြူနစ်စနစ်ကိုကျင့်သုံးနေတာဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ နိုင်ငံရေးစနစ်ပြောင်းလဲမှုက ဘယ်ကိုအဓိကဦးတည်လဲဆိုရင် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆီကိုဦးတည်နေတာပါ။ ဒီလိုနည်းနဲ့လျှောက်လှမ်းနေတဲ့ တရုတ်နိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ လမ်းကြောင်းပေါ်မှာ သူတို့တစ်နိုင်ငံတည်းသာမက ကမ္ဘာကြီးရဲ့ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူကောင်းများဖြစ်စေခဲ့တာကိုလည်းတွေ့ရပါတယ်။

## စစ်ရေး

စစ်ရေးပိုင်းဆိုင်ရာနဲ့ပြောင်းလဲမှုမှာတော့ တော်တော်ကြီးကိုထင်ထင်ရှားရှားပြောင်းလဲလာအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် လက်ရှိ တရုတ်သမ္မတရှီကျင့်ဖျင်လက်ထက်မှာ စစ်သည်အင်အားဖောင်းပွမှုကို ကျစ်ကျစ်လျစ်လျစ်ဖြစ်စေပြီး စစ်လက်နက်ပစ္စည်းတွေရဲ့ စွမ်းပကားကို သိသာထင်ရှားစွာတိုးမြှင့်ခဲ့ပါတယ်။

စစ်အင်အားကြီးနိုင်ငံများရဲ့ ပြယုဂ်တစ်ခုဖြစ်တဲ့ လေယာဉ်တင်သင်္ဘောဆိုရင်လည်း သုံးစင်းအထိ ပိုင်ဆိုင်နေပါပြီ။ အဲဒီထဲမှာမှ နှစ်စင်းကိုပြည်တွင်းမှာပဲထုတ်လုပ်ထားတာပါ။ အခုလက်ရှိမှာလည်း ရေတပ်ရဲ့စတုတ္ထမြောက်လေယာဉ်တင်သင်္ဘောကို တည်ဆောက်နေပါတယ်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံဟာ နျူကလီးယားလက်နက်ကိုပိုင်ဆိုင်လာမှုနဲ့အတူ ဒုံးကျည်စွမ်းပကားမှာ ခေတ်ရှေ့ပြေးတိုးတက်လာနေပြန်ပါတယ်။ အသံနှုန်းလွန်ဒုံးကျည်ဆိုတာကို တရုတ်နိုင်ငံကလည်းပိုင်ဆိုင်ထားပါတယ်။

ဒီကနေ့ ကမ္ဘာပေါ်မှာ စစ်အင်အားအများဆုံးနိုင်ငံက တရုတ်နိုင်ငံပါ။ စစ်သည်အင်အားစုစုပေါင်းက ၂ ဒသမ ၈ သန်းရှိပါတယ်။ **စာမျက်နှာ ၁၃ သို့◆**

◆ စာမျက်နှာ ၁၂ မှအဆက်

ဒီပမာဏက အမေရိကန်နိုင်ငံထက်ကို နှစ်ဆလောက်ပိုများနေတာပါ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ စီးပွားရေးအင်အားတောင့်တင်းလာတာနဲ့အမျှ စစ်အင်အားလည်းတိုးတက်လာပြီး အခုဆိုရင် ကမ္ဘာ့ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် တတ်နိုင်သမျှပါဝင်ကူညီပေးလျက်ရှိပါတယ်။

**ကမ္ဘာ့ငြိမ်းချမ်းရေး**

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ နိုင်ငံကိုထူထောင်ခဲ့တဲ့ ၇၅ နှစ်တာကာလအတွင်း ဘယ်နိုင်ငံကိုမှ ကျူးကျော်စစ်ဆင်နွှဲခြင်းဆိုတာမရှိခဲ့ပါဘူး။ ကမ္ဘာ့နိုင်ငံများကြားဖြစ်ပွားနေတဲ့ ပဋိပက္ခတွေချုပ်ငြိမ်းအောင်သာ ကူညီပေးခဲ့တာရှိပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀ တုန်းက တရုတ်နိုင်ငံဟာ "ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်"ကို ချမှတ်အကောင်အထည်ဖော်ခဲ့သလို ဒီလိုချမှတ်မှုကိုလည်း ကမ္ဘာ့နိုင်ငံအများအပြားက လက်ခံကျင့်သုံးခဲ့ကြပါတယ်။

ဒါ့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ နေရာတစ်နေရာရထားမှုနှင့်အတူ ကမ္ဘာတစ်ဝန်းမှာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတွေကိုလည်း တက်တက်ကြွကြွပါဝင်ဆောင်ရွက်နေပါတယ်။

ဒါကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ကမ္ဘာ့ငြိမ်းချမ်းရေးကိုကာကွယ်ပေးသူဆိုတဲ့ အခန်းကဏ္ဍကနေပါဝင်နေသူလို့ပြောရင် ငြင်းနိုင်ဖွယ်ရာအကြောင်းမရှိပါဘူး။

လွန်ခဲ့တဲ့နှစ်ပေါင်း ၇၅ နှစ်ကိုပြန်ပြောင်းကြည့်မယ်ဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ဆင်းရဲနွမ်းပါးမှု၊ အစာရေစာငတ်ပြတ်မှု၊ ကိုယ်ကျိုးဖက်နိုင်ငံရေးသမားများရဲ့အကျင့်ပျက်ခြစားမှု၊ နိုင်ငံရေးအပြောင်းအလဲများကြားမှာ ပဋိပက္ခများစွာဖြစ်ပွားမှု၊ အနောက်အုပ်စုမှ နိုင်ငံကြီးတချို့ရဲ့ ထိုးနှက်တိုက်ခိုက်မှုစတာတွေကို ခါးသီးစွာရင်ဆိုင်ခဲ့ရတဲ့နိုင်ငံဖြစ်ပါတယ်။

ဒါပေမဲ့လည်း အခက်အခဲတွေကို အခွင့်အလမ်းအဖြစ် ပြောင်းလဲပြီး အောင်မြင်မှုကိုရယူနိုင်စွမ်းရှိတဲ့ တရုတ်နိုင်ငံသားများရဲ့စိတ်ဓာတ်နဲ့ လုပ်ရပ်ကြောင့် အခုချိန်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ဆင်းရဲနွမ်းပါးမှုမရှိသလောက်ပပျောက်၊ အစာရေစာငတ်ပြတ်မှုဆိုတာဝေးလို့ အကျင့်ပျက်ခြစားမှုဆိုတာလုံးဝမရှိတော့ဘဲ အနောက်အုပ်စုမှ တိုက်ခိုက်မှုတွေကိုလည်း တန်ပြန်ရင်ဆိုင်နိုင်စွမ်းရှိတဲ့ နိုင်ငံကြီးအဖြစ်ကို ရောက်ရှိလို့လာခဲ့ပါပြီ။

အခုဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပေါ်ခဲ့တာဟာ စိန်ရတုသို့တိုင်ခဲ့ပါပြီ။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည်လည်း အဖိုးမဖြတ်နိုင်တဲ့ စိန်ကောင်းတစ်ပွင့်ကဲ့သို့ တောက်ပြောင်ဝင်းလက်လာပါပြီ။ ဒါကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ စိန်ရတုမှသည် ရတုအဆက်ဆက်ထိတိုင် ဆက်လက်တိုးတက်အောင်မြင်ပါစေကြောင်း ဆုတောင်းပေးလိုက်ရပါတယ်၊ ။

**ထက်မြတ်**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် မြေပြင်တွင် လက်တွေ့ကွင်းဆင်းစာရင်းကောက်ယူကြမည့် စာရင်းစစ်၊ စာရင်းကောက်များနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် မြို့နယ်အလိုက်စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ် သန်းခေါင်စာရင်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ စာရင်းစစ်၊ စာရင်းကောက်များအဖြစ်



တာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှအရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒချမှတ်ခြင်းများ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်းများ စသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအဖြစ်အသုံးပြုရသည့် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များကို သန်းခေါင်စာရင်းမှသာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ စာရင်းကောက်ယူရာတွင် အချက်အလက်များ မှန်မှန်ကန်ကန်ရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး စာရင်းစစ်၊ စာရင်းကောက်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ကျေးရွာအုပ်စု ဆင်တဲကြီးကျေးရွာတွင် ရေကြီးရေလျှံမှုကြောင့် နေအိမ်များမျောပါပျက်စီးထိခိုက်မှုအခြေအနေများနှင့် ကျေးရွာအတွင်း နုန်းများ၊ အမှိုက်များ၊ သစ်တုံးသစ်ကိုင်းများ တင်ကျန်နေမှုအခြေအနေများကိုလည်းကောင်း၊ အေးမြင့်သာယာကျေးရွာအုပ်စု ဝက်ကုန်းကျေးရွာတွင် ရေကြီးရေလျှံမှုကြောင့် နေအိမ်များမျောပါပျက်စီးထိခိုက်မှုအခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚င | / | ၃၅.၀˚င |
| ရန်ကုန် | ၂၄˚င | / | ၃၃.၅˚င |
| မန္တလေး | ၂၈˚င | / | ၃၅.၅˚င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

**နေပြည်တော် စက်တင်ဘာ ၃၀**

ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ (မိုး/ဇလ)

# ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် စဉ်ဆက်ပညာရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၃၀

ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းဆောင်ရွက်မည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မြို့နယ် (၈)မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း အတွက် နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် အမှတ်(၆) အခြေခံပညာအထက် တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စု နယ်မြေ နေပြည်တော်၏ စဉ်ဆက်ပညာ ရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ကြ မည့် နေပြည်တော်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်ပညာ ရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အရန်မီးသတ် တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ပရဟိတ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ၏ စဉ်ဆက်ပညာ ရေးလုပ်ငန်းတွင် သင်ကြားပေးကြမည့် မြို့နယ်(၈)မြို့နယ်မှ စေတနာလုပ်အား ပေးနည်းပြများ၊ ကြီးကြပ်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းများကို နေပြည် တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသ ကြီး/ပြည်နယ်များနှင့်ပူးပေါင်း၍ သင်ကြား ပေးပြီး အမျိုးသားပညာရေးဥပဒေပါပြဋ္ဌာန်း ချက်များအရ ၎င်း၏နောက်ဆက်တွဲ လုပ်ငန်းဖြစ်သည့် စဉ်ဆက်ပညာရေး လုပ်ငန်းကို ပညာရေးဝန်ကြီးဌာနအနေ ဖြင့် ၂၀၂၃ ခုနှစ်အတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ကလော၊ ဟိုပုံး မြို့နယ်သုံးမြို့နယ်တွင် ဆောင်ရွက်ခဲ့ ကြောင်း၊ ယခုအခါ နေပြည်တော်ကောင်စီ နှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ တို့နှင့်ပူးပေါင်းကာ စဉ်ဆက်ပညာရေး လုပ်ငန်းကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြို့နယ် လေးမြို့နယ်တွင် စဉ်ဆက်ပညာရေးလုပ်ငန်း ကို အောက်တိုဘာလအတွင်း ဆောင်ရွက် သွားမည်ဖြစ်ကြောင်း။

"ကျေးလက်ဒေသနေပြည်သူများနှင့် အစွန်အဖျား ဒေသနေတိုင်းရင်းသား ပြည်သူများ အတွက်" ကျောင်းသင်ပညာ ရေး နည်းလမ်းဖြင့် မသင်ကြားခဲ့ရသူများ ကို ကျောင်းပြင်ပပညာရေးကဏ္ဍများဖြစ် သည့် အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးတို့ဖြင့် သင်ကြားပေး ခဲ့ရာ စာသင်သားဦးရေပေါင်း ၇၈၈၂၄ ဦး ကို စာတတ်မြောက်အောင်သင်ကြားပေး နိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော် စဉ်ဆက်ပညာရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦး က နေပြည်တော်ကောင်စီအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မြို့နယ် (၈)မြို့နယ်တွင်ဦးတည်အုပ်စုနှင့်ကိုက်ညီ သည့် စာသင်သားပေါင်း ၅၄၁ ဦးကို ကနဦးစာရင်းကောက်ယူ ရရှိထားပြီး စာသင်ဝိုင်းအနေဖြင့် ၄၆ ဝိုင်းအဖြစ် စုဖွဲ့၍ အဆိုပါ စာသင်ဝိုင်းများတွင် စေတနာလုပ်အားပေးနည်းပြ/ကြီးကြပ် ပေါင်း ၁၀၇ ဦးတို့က တစ်ရက်ပျမ်းမျှ ၃ နာရီ နှုန်းဖြင့် ပျမ်းမျှနာရီပေါင်း ၂၇၀၊ ရက်အား ဖြင့် ၉၀ ကြာ စာသင်သားပြည်သူများကို သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနက ပံ့ပိုးပေးသည့် အပေါ် နေပြည်တော်ကောင်စီ၏ အနီးကပ် စီမံမှုဖြင့် ဆောင်ရွက်သွားမည့် စဉ်ဆက် ပညာရေးလုပ်ငန်းများကို ထိထိရောက် ရောက် ပူးပေါင်းဆောင်ရွက်ပေးကြစေလို ကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စု ဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ တို့သည် တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ အဆိုပါသင်တန်းသို့ သင်တန်းတက်ရောက် လာကြသည့် စေတနာလုပ်အားပေး နည်းပြများနှင့် ကြီးကြပ်များကို စက်တင် ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၄ ရက် အထိ သင်တန်းကာလ ၅ ရက်တာ ပို့ချ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

(၅၀၀)

# ၂၀၂၄ ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



နေပြည်တော် စက်တင်ဘာ ၃၀

၂၀၂၄ ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေး နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီး ဌာန ရုံးအမှတ်(၄) Meeting Hall ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲ များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆေး ကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ ကုလသမဂ္ဂအဖွဲ့ အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံ တကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် များ၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ အတွင်းရှိ ဆေးရုံများမှ ဆေးရုံအုပ်ကြီး များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး က နှစ်စဉ်စက်တင်ဘာလ ၂၉ ရက်တွင် ကျရောက်သည့် ကမ္ဘာ့နှလုံးကျန်းမာရေး နေ့တွင် ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ် နှင့် မြို့နယ်များတွင် အထိမ်းအမှတ် အခမ်းအနားများ၊ လှုပ်ရှားမှုများကိုကျင်းပ ပြီး ပြည်သူလူထုအတွင်း နှလုံးကျန်းမာရေး နှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာ မြင့်မားစေရေးအတွက် ဆောင်ရွက်ခဲ့ ကြောင်း၊ ယခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေး နေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ "Use Heart for Action" ဖြစ်ပြီး **"နှလုံးအစဉ် ကျန်းမာဖို့ သိဉာဏ်ဆင်ခြင် ဆောင်ရွက်စို့"**ဟု မြန်မာဘာသာပြန်ဆိုထားပြီး ပြည်သူ လူထုအတွင်း မိမိတို့ နှလုံးကျန်းမာရေး အတွက် အသိဉာဏ်ဖြင့်ဆင်ခြင်ပြီး ရောဂါ မဖြစ်အောင် အစဉ်သတိဖြင့် စောင့်ရှောက် နေထိုင်သွားရန်နှင့် မူဝါဒရေးဆွဲချမှတ် သူများအနေဖြင့်လည်း နှလုံးသွေးကြော ရောဂါများ ကာကွယ်ထိန်းချုပ်ခြင်းအတွက် ဦးစားပေးဆောင်ရွက်ကြရန် တိုက်တွန်း လိုခြင်းဖြစ်ကြောင်း၊ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကျေးလက်ဒေသမှ ပြည်သူများ လက်လှမ်းမီစေရေးအတွက် ဆီးချိုသွေးချို နှင့်သွေးတိုးရောဂါဆေးကုသမှုဆေးခန်းများ ကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းဖွင့်လှစ်၍ စစ်ဆေးကုသပေးလျက်ရှိကြောင်း၊ ကုသမှု အတွက် လိုအပ်သော မကူးစက်နိုင်သော ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းသုံး အခြေခံဆေးဝါးနှင့် ဆေးပစ္စည်းများ ပြတ်လပ်ခြင်းမရှိအောင် ကျန်းမာရေး ဝန်ကြီးဌာနမှ ရန်ပုံငွေကျပ် သန်းပေါင်း များစွာ အကုန်အကျခံ ဝယ်ယူဖြန့်ဖြူးပေး လျက်ရှိကြောင်း၊ ကျန်းမာရေးဌာနများမှ နှလုံးနှင့်နှလုံးသွေးကြောရောဂါကာကွယ် ကုသရေးဆိုင်ရာ ကျန်းမာရေးစောင့် ရှောက်မှုများပေးလျက်ရှိသကဲ့သို့ ပြည်သူ တစ်ဦးတစ်ယောက်ချင်းအနေဖြင့် မိမိ၏ နှလုံးကျန်းမာရေးအတွက် မိမိကစပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်မှု ပုံစံကို အသိဉာဏ်ဖြင့် ဆင်ခြင်နေထိုင်သွား ကြရန် အလေးထားတိုက်တွန်းပြောကြား သည်။

ထို့နောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့နှလုံး ကျန်းမာရေးနေ့အထိမ်းအမှတ်ဗီဒီယိုပြသ ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်နှင့် နှလုံးသွေးကြောရောဂါ ကာကွယ်ထိန်းသိမ်းရေး စီမံချက်နှင့် ဆီးချိုသွေးချိုထိန်းသိမ်းရေးစီမံချက်တို့မှ စီမံချက်မန်နေဂျာများက နှလုံးနှင့် နှလုံး သွေးကြောရောဂါကာကွယ်ကုသမှုဆိုင်ရာ ဆရာဝန်များအတွက် လက်စွဲစာအုပ်ကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံ ရယူသည်။

မွန်းလွဲပိုင်းတွင် ကမ္ဘာ့နှလုံးကျန်းမာရေး နေ့အထိမ်းအမှတ်အစီအစဉ်တစ်ရပ်အဖြစ် နှလုံးနှင့် နှလုံးသွေးကြောရောဂါကာကွယ် ကုသမှုဆိုင်ရာ ဗဟိုအဆင့်မွမ်းမံသင်တန်း ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသ ကြီးနှင့် ပြည်နယ်များမှ သင်တန်းသားများ တက်ရောက်ကြကြောင်း သတင်းရရှိ သည်။

(၅၀၀)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စ ရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"တတ်စွမ်းသမျှ ရေဘေးကူ၊ ငါတို့လူမျိုး တူနိုင်ရိုးလား"**ခေါင်းစဉ်ဖြင့် ၂-၁၀-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အစိုးရရဲ့ ကမ်းလှမ်းမှုမှာ PDF တွေ ဘာဆက်လုပ်သင့်လဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

## မိုးပိုလာမည်

နေပြည်တော် စက်တင်ဘာ ၃၀

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးပိုလာ မည်။

(မိုး/ဇလ)

# နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ တက်ရောက်

မြစ်ကြီးနား စက်တင်ဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒေါ်ခွဲဘူသည်ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဦးဆောင်သော ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံသည်။



တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များကို အောင်မြင်စွာလိုက်နာအကောင်အထည်ဖော်နိုင်ရေးနှင့် အဓိကရည်မှန်းချက်ဖြစ်သော ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တစ်ဆက်တစ်စပ်တည်းဆောင်ရွက်ရသော လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဒေသတွင်း တည်ငြိမ်အေးချမ်းစွာ ကောက်ယူနိုင်ရေး အလေးအနက်ထား ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အများပြည်သူနှင့်သက်ဆိုင်သောဥပဒေ၊ နည်းဥပဒေများအပေါ် နိုင်ငံသားတိုင်း သိသင့်၊ သိထိုက်သည်များကို ကျောင်းသားကလေးအရွယ်မှစတင်၍ ဝန်ထမ်းများအပါအဝင် အရွယ်ရောက်ပြီးသူတိုင်း သိရှိနားလည်နိုင်ရေး အသိပညာပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံသားတိုင်း ဥပဒေကိုလေးစားလိုက်နာပြီး ပိုကောင်းသည့်ပတ်ဝန်းကျင်များကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်(၄)ရပ်အပါအဝင် အောက်တိုဘာလ ၁ ရက်မှစတင်၍ ခရိုင်၊ မြို့နယ်များအလိုက် သန်းခေါင်စာရင်းကောက်ယူသွားမည့်အစီအမံများ၊ ဒေသဝမ်းစာဖူလုံရေးအတွက် ဆန်ဖူလုံမှုနှင့် ဒေသတွင်း စားဆီဖူလုံရေးအတွက် ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပထမနှစ်စက်ဝန်းဖြင့် အိမ်ထောင်စု ၃၀၀၀၀ ကျော်ကို ရင်းနှီးမတည်ပေးနိုင်ခဲ့မှု၊ ဒုတိယနှစ်စက်ဝန်းဖြင့် ချေးငွေလည်ပတ်နေမှုနှင့် စက်သုံးဆီနှင့် အဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ပစ္စည်းများ တင်သွင်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် အဆိုပါအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည့် ကချင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နယ်စပ်ဒေသများ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ စသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သောကဏ္ဍများကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းပြီး ဘဏ္ဍာရေးနှစ်အလိုက်၊ လုပ်ငန်းကဏ္ဍအလိုက် ပြည်နယ်ရန်ပုံငွေ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်သည့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် သက်ဆိုင်ရာလုပ်ငန်းဆပ်ကော်မတီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လျာထားလုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းသာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှုအခြေအနေကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လှည့်လည်စစ်ဆေး



နေပြည်တော် စက်တင်ဘာ ၃၀

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်၌ ကျင်းပသည့် နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်ပါ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရွှေစည်းခုံဘုရားအထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ရေရှည်တွင် စနစ်တကျဆောင်ရွက်နိုင်ရေး ဘက်စုံလွှမ်းခြုံသောအစီအစဉ် Master Plan ရေးဆွဲရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက Master Plan ရေးဆွဲရေးလုပ်ငန်းသည်အလွန်အရေးကြီးသောကြောင့်ဘက်စုံထောင့်စုံပြီးပြည့်စုံအောင် ဆွေးနွေးမှုများ အကြိမ်ကြိမ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် Master Plan ရေးဆွဲပြီးစီးရမည်ဖြစ်သောကြောင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် Final ပြီးစီးနေရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ဘက်စုံလွှမ်းခြုံသောအစီအစဉ် Master Plan ရေးဆွဲရေးနှင့်ပတ်သက်၍လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘက်စုံလွှမ်းခြုံသောအစီအစဉ် Master Plan ရေးဆွဲနိုင်ရေး ပထမရက် အစည်းအဝေးဆွေးနွေးခဲ့မှုအခြေအနေနှင့် အချက်အလက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ရှေးဟောင်းအဆောက်အအုံအမှတ်-၂၃၅(သိကြားပုန်းဘုရား)အား အိန္ဒိယနိုင်ငံ Archaeological servey in India (ASI) အဖွဲ့က ဆောင်ရွက်ထားသည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ဘုရားဝန်းကျင်ရှိ ကားရပ်နားရန်နေရာ ချဲ့ထွင်ဆောင်ရွက်နေမှုနှင့် လမ်းညွှန်ချက်အပေါ် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်အင်ချောင်းကျေးရွာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အကူအညီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စက်ရေတွင်းသုံးတွင်း တူးဖော်နေမှုကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အကူအညီဖြင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အင်တောကျေးရွာ စက်ရေတွင်းနှစ်တွင်း တူးဖော်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံများအနေဖြင့်လည်း ကိုယ်ထူကိုယ်ထစနစ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ပေးရန် မှာကြားသည်။

ထို့နောက် ကျောက်ပန်းတောင်းမြို့ သီရိမင်္ဂလာရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောက်ပန်းတောင်းမြို့နယ် ရေရရှိရေးနှင့် ပုပ္ပားဒေသသာယာလှပရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ (၅၀၀)

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အရှုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲနှင့်ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားတို့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်






**နေပြည်တော် စက်တင်ဘာ ၃၀**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆရာတော်၊ သံဃာတော်များအား အရှုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိ တက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်သံဃာတော်များချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာ တရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား အရှုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ်(၃)မင်္ဂလာကန်တော်၌ ကျင်းပသည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မင်္ဂလာကန်တော်အတွင်းသို့ ငါးမြစ်ချင်း ငါးမျိုးစိတ် ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးကြသည်။

ထို့အတူ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ စေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြား ၁ ကျပ်သားဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် အလှူတော်ငွေ ၂၈၄၇၀၀၀ ကျပ်နှင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ "ကရုဏာကမ္ဘာ" ဘိုးဘွားရိပ်သာသို့ အလှူငွေ ၁၁၀၀၀၀၀ ကျပ်တို့ကို လှူဒါန်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း အမှတ်စဉ် (၆/၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပ



**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာနည်းပြဆရာဖြစ်သင်တန်းအမှတ်စဉ် (၆/၂၀၂၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ တိုးချဲ့ရုံးအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ကို ကျင်းပမည့် ရွေးကောက်ပွဲတွင် အသုံးပြုရန်စီစဉ်ဆောင်ရွက်ရခြင်းမှာ မဲမသမာမှုမဖြစ်စေရန် မဲပေးသည့်စနစ်များကို MEVM စက်အပါအဝင် ကွန်ပျူတာ Software များဖြင့် ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားရခြင်းကို လေ့လာသုံးသပ်ပါက မဲစာရင်းများဖောင်းပွခြင်း၊ မဲလက်မှတ်များ ပိုမိုရိုက်နှိပ်ဖြန့်ဝေခြင်းနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံများတွင် ဥပဒေနှင့်မညီသော မဲပေးခြင်း စသည့်အချက်သုံးချက်ကို တွေ့ရှိရကြောင်း၊ ကော်မရှင်အနေဖြင့် တွေ့ရှိချက်များကိုလေ့လာသုံးသပ်ပြီး မဲစာရင်းပြုစုရာတွင် Admin DEO Software များဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံများအလိုက်ပြုစုပြီး CVLMS Software ဖြင့် ဥပဒေနှင့်မညီညွတ်သူများ၊ မဲစာရင်းတွင် နှစ်ကြိမ်၊ သုံးကြိမ်ပါဝင်သူများ မပါရှိစေရေး စိစစ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ MEVM စက်အသုံးပြု၍မဲပေးခြင်းဖြင့် မဲလက်မှတ်များ ရိုက်နှိပ်ဖြန့်ဝေခြင်းမရှိတော့သည့်အတွက် မဲမသမာမှုများမဖြစ်နိုင်ကြောင်း၊ သို့ဖြစ်၍ ထိုစနစ်နှစ်ခုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုမဲရုံများတွင် ဥပဒေနှင့် မညီညွတ်သောမဲပေးမှုများ မဖြစ်ပွားစေရေးအတွက် အားနည်းခဲ့သည့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက် တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ သင်ကြားပြသပေးမည်ဖြစ်သည်။


သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးတာဝန်ခံ ဦးသန်းအောင်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသား ၃၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့်နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(၅၀၀)





တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်သက်ထွန်းဦးက တံခွန်စိုက်ဒိုင်းဆုရရှိသည့်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

❍ **ကျောဖုံးမှအဆက်**

ဗိုလ်မှူးကြီးကျော်စွာထွန်းကလည်းကောင်း၊ အကြီးတန်းပြိုင်ပွဲ တစ်ဦးချင်းဆုတံဆိပ်များ၊ အကြီးတန်းအကောင်းဆုံးအားကစားသမားဆုများအား နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စိုးဦးကလည်းကောင်း၊ လူသစ်တန်းဒိုင်းဆု၊ အကြီးတန်းဒိုင်းဆုနှင့် တံခွန်စိုက်ဒိုင်းဆုကြီးအား ဗိုလ်ချုပ်သက်ထွန်းဦးကလည်းကောင်း အသီးသီးဆုများ ချီးမြှင့်ကြသည်။

အလားတူ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲမှ အမျိုးသား/အမျိုးသမီး အပြေးပြိုင်ပွဲ၊ တန်းမြင့်ခုန်ပြိုင်ပွဲ၊ တန်းကျော်ပြေးပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ သံပြားဝိုင်းပစ်ပြိုင်ပွဲ၊ တုတ်ထောက်ခုန်ပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲများကို အသီးသီးယှဉ်ပြိုင်ကစားပြီး အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော် ပြေးခုန်ပစ်ကော်မတီမှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(A)တွင် အမျိုးသား/အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ရှုံးထွက်ပွဲစဉ်များ၊ ပတ်လည်ပွဲစဉ်များ၊ တတိယလုပွဲများနှင့် ဗိုလ်လုပွဲစဉ်များကို အသီးသီးယှဉ်ပြိုင်ကစားပြီး အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော် ဂျူဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)တွင် အမျိုးသားကွာတားအဆင့်ပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ အမျိုးသား/အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ လည်းကောင်း၊ လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲအဖြစ် ညနေပိုင်းတွင် လေ့ကျင့်ရေးကွင်း(၁)၌ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးအသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုတွေ့ရစဉ်။



















တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် အားကစားသမားများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Kyaiklat supplies Yangon market with 84,000 visses of straw mushrooms



KYAIKLAT September 30

Up to 84,000 visses of local agricultural straw mushrooms from Kyaiklat Township, Ayeyawady Region were shipped to the Yangon market, said Daw Yee Tint, an agricultural produce trader in Kyaiklat Township.

It is reported that only 60,000 visses of agricultural straw mushrooms were transported from Kyaiklat Township to Yangon market during July, and the price of agricultural straw mushroom is ranged between 13,500 and Ks-15,500 per viss.

"Local agricultural products from this side are mostly transported to the Yangon market. Last month, we sold up to 84,000 visses of straw mushrooms. Currently, the Yangon market is buying straw mushrooms. In Kyaiklat Township, we worked on mushroom cultivation along with other agricultural businesses," she said.

Most of the agricultural products, including cultivated straw mushrooms produced in Kyaiklat Township, are shipped to Yangon market. As the purchase of straw mushrooms improved, the life of mushroom growers, traders and agricultural workers are convenience.

**SK**

# Shrimp paste from deltaic area sent to domestic market



PYAPON September 30

Local fishermen and businesspersons in Amar of Pyapon Township from Ayeyawady deltaic area start sending of shrimp paste to domestic market, said local shrimp paste trader U Myint Tin.

Local businesspersons and fishermen produce the best quality of shrimp paste as demand of the domestic market.

Merchants store shrimp paste in relevant season and sell it in monsoon. So, local fishermen capture shrimp at the sea from September to May yearly.

As they take a break of fishery measures, prices of marine products including shrimp paste become high prices at the domestic market.

At present, fishermen and businesspersons from Pyapon, Amar, Bogale, Labutta, Pyinsalu, Ngaputaw, Pathein and Kyonmangae townships are distributing a large volume of shrimp paste to the domestic market.

In this regard, they send the products to dry regions of Myanmar as well as Bayintnaung brokerage in Yangon and other major cities.

Starting from June, shrimp paste is sent to the market. Local businesspersons send some 10,000 to 15,000 viss of shrimp paste in each batch. At present, the product fetches Ks-12,000-Ks-20,000 per viss at the market depending on quality.

**SMK**

# Monywa Township farmers cultivate 945 acres of rani-fed sunflowers

MONYWA September 30

A total of 945 acres of sunflowers have been planted in Monywa Township, Monywa District, Sagaing Region in this year rain crops planting season, according to statistics from Department of Agriculture for Monywa Township.

During the 2024-2025 rain crops planting season, 924 acres of sunflowers have been earmarked to plant in Monywa Township and 945 acres have been planted since June this year.

"In order to reduce the import of palm oil from abroad, the cultivation of sunflower, which is an oilseed crop, has been expanded. Sunflower produces more oil per acre than other peanut and sesame seeds. Sunflowers are mostly planted in winter," said U Soe Thet Aung, head of the Department of Agriculture for Monywa Township.

In Monywa Township, the Township Department of Agriculture is speeding up the educational courses for the expansion of sunflower cultivation and training courses are being conducted at a high speed for the employees and the farmers who will grow sunflowers to improve their performance.

**SMK**

# MMMC to offer diploma courses for 2025-2026 academic year

YANGON September 30

Myanmar Mercantile Marine College (MMMC) will begin offering diploma courses for cadets in January 2025 for the 2025-2026 academic year.

These two-year courses include the Mercantile Marine Cadet Course (CD/52), Mercantile Marine Engineering Cadet Course (CE/50), and Mercantile Marine Electrical Cadet Course (CME/05). Upon successful completion, cadets will be awarded diplomas in nautical studies, maritime technology, or marine electrical engineering.

Applicants must have passed the Grade-12 examination and must not be older than 21 years of age as of 31 December 2024. Those applying for the Mercantile Marine Cadet Course and Marine Engineering Cadet Course must have passed with subject combinations including chemistry and physics, and must have achieved a total score of at least 400 marks. Applicants for the Mercantile Marine Electrical Cadet Course must have passed with subject combinations including chemistry and physics, and must have a minimum total score of 390 marks.

Applications can be submitted in person until 31 August. The college will admit 130 trainees for the Mercantile Marine Cadet Course, 130 for the Marine Engineering Cadet Course, and 40 for the Mercantile Marine Electrical Cadet Course.

Applicants will be selected through personal interviews, and more detailed information can be obtained from the Office of the Registrar and the Training Department during office hours.

**SK**

# Agri Dept urges growers to plant monsoon crops before season ends

NAY PYI TAW September 30

The Agriculture Department encouraged growers to grow monsoon paddy, wheat and other crops again in flood-stricken regions before the season ends.

Some monsoon paddy, wheat and other crops were damaged by extreme rainfall and strong winds. As the season of monsoon paddy and late monsoon long-staple wheat has not ended, staff are called for to entice growers to re-cultivate them.

Therefore, the department has reserved seeds. It is willing to cooperate with growers. It has issued guidelines to redevelop damaged farmland triggered by floods.

Myanmar's farmers are yearly affected by natural disasters, losing their assets and crops. A thousand acres of paddy fields are damaged.

Growers are instructed to reserve paddy seeds (high-yielding Manawthuka, Sinthuka, Sinthwelat, Theehtetyin,Shwethweyin, IR 747, 90-day short matured variety, Pyi Myanmar Sein, Yadanatoe, Hnankauk, Thukayin) in flood-prone areas, nurse crops in high-land areas broadcast seeding or directly scattering pedigree seeds in 10-14 days flood-hit fields (one basket per acre), adopt Dapog, Raised Bed and SRI Tray methods in 14-30 days flood-hit areas, treat farmlands after clearing weeds or intercrop more crops with leaving six-feet space between plants, plant seeds right after harvesting 30-40 days crops to maximize grain and yields (only 120-45 days old fields) and restore damaged paddy fields.

For land treatment and preparation, using tractors to help clear debris, plough and harrow land faster, applying natural fertilizer or husks to the soil in flood-stricken areas and preparing current and irrigation channels in fields must be undertaken.

Growers are prompted to protect broadcasted seeds from the dangers of rodents and birds, relocate farmlands and grow the crops in time with a large labour force, use tractors to grow seedlings and clear weeds and apply 50-kilogramme pearl fertilizer and three bags of natural fertilizer/soil per acre effectively before blossoming and putting 112 pounds of natural calcium sulphate per acre for soil amendment and improvement.

**SK**

# Farmers grow more than 400 acres of corns in Thabaung Township

THABAUNG September 30

During monsoon season this year, Thabaung Township has so far planted 427 acres of corns against the target of 463 acres. Officials of Agriculture Department, Irrigation and Water Utilization Management Department, administration body and local farmers cooperate with each other in growing monsoon crops.

U Win Soe commented, "Local farmers in Thabaung Township grow paddy and other crops. So far, they have planted 427 acres of corns against the target of 463 acres. They are now joining hands with the township Agriculture Department in growing corns meeting the target cultivation."

Officials of Agriculture Department help local farmers prevent pests at corn plantations to produce quality crops. **SK**



# More than 79,000 viss of dried spinal eel sold to Yangon market

KYAIKLAT September 30

Local fishermen and businesspersons from Kyaiklat Township of Ayeyawady Region sent 79,000 viss of dried spinal eel to Yangon market, said Daw Ni Win, dried fish trader from Kyaiklat.

Fishermen and businesspersons from Kyaiklat Township distributed 65,000 viss of dried spinal eel to Yangon market in July, compared to 79,000 viss in August.

Local businesspersons purchase spinal eel from local fishermen and keep them under the sun systematically.

Daw Ni Win said: "Merchants and fishermen from Kyaiklat Township send dried fish to Yangon market on a monthly basis. Now, demand of Yangon market is high to purchase dried spinal eel from Kyaiklat Township. We sent 79,000 viss of such fish to Yangon in August. Dried fish industries create jobs for residents. Due to high demand of dried spinal eel, local fishermen and those in the production change of fisheries are convenient in their livelihoods."

As residents of Kyaiklat Township sell Ks-29,500 per viss of dried spinal eel to Yangon market.

**SMK**

# Dried Swimbladder weighing 80,000 viss distributed to Yangon market



PYAPON September 30

Local businesspersons in Amar of Pyapon District in Ayeyawady Region sent 80,000 viss of dried Swimbladder to Yangon market, said Daw Khin Htay, the owner of marine product trading centre in Amar.

Local fishermen and businesspersons dispatched 50,000 viss of dried Swimbladder to Yangon market in June in comparison with 80,000 viss of dried swimbladder in July. These swimbladders were obtained from seawater fishes and then these were dried under the sun systematically.

Daw Khin Htay, the owner of seawater dried fish trading in Ahmar, said: "Demand of dried swimbladder was high at Yangon market in the first week of July. Local businesspersons sell domestic products including dried swimbladders to Yangon market as a main centre. I notice sale of fishery products without difficulties."

In Yangon market, dried swimbladder of conger eel fetches Ks-22,000 per viss, Natgataw Ks-98,000, croaker Ks-80,000 and large striped catfish Ks-35,000-Ks-34,500 depending on size and quality.

**SMK**

# Sunflower plants placed under croplands in Yinmabin District

YINMABIN September 30

Statistics of Yinmabin District Agriculture Department stated that a total of 10,427 acres of sunflower plants have been planted as monsoon crop in Yinmabin District of Sagaing Region.

Local farmers have grown 10,427 acres of sunflower plantations against the target of 16,250 acres of plants in the district this monsoon.

Daw Myat Moe Win, Head of Yinmabin District Agriculture Department mentioned: "Local farmers have planted 10,427 acres of sunflower against the target of 16,250 acres earmarked by local authorities. It aims to reduce import volume of palm oil abroad."

This year, local farmers in Yinmabin Township grew 3,329 acres of sunflower, Kani Township 3,228 acres, Salingyi Township 650 acres and Pale Township, 3,220 acres, totalling 10,427 acres.

In Yinmabin District, relevant agriculture departments conduct training courses for agricultural staff and local farmers to enhance their capacity in growing sunflower.

Local authorities provide quality strains of crops and fertilizers at fair prices and share techniques of making natural fertilizers in addition to implementation of the barter system of exchanging quality strains of seeds among the farmers. **SK**

# Xi vows greater national achievements, contributions to humanity's peace, development

BEIJING September 30

President Xi Jinping on Monday said Chinese people will score more remarkable achievements and make greater contributions to the noble cause of peace and development of humanity.

Xi, also general secretary of the Communist Party of China Central Committee and chairman of the Central Military Commission, made the remarks while addressing a reception held at the Great Hall of the People in Beijing to celebrate the 75th anniversary of the founding of the People's Republic of China (PRC).

China's National Day falls on October 1.

Li Qiang presided over the reception. Zhao Leji, Wang Huning, Cai Qi, Ding Xuexiang, Li Xi and Han Zheng attended the event together with around 3,000 Chinese and foreign guests.

In his address, Xi, on behalf of the CPC Central Committee and the State Council, first paid high tribute to the people of all ethnic groups in China, to the officers and soldiers of the Chinese People's Liberation Army and the People's Armed Police Force, and to other political parties and personages without party affiliation.

Xi extended sincere greetings to compatriots in the Hong Kong and Macao special administrative regions, in Taiwan, as well as overseas Chinese. He also expressed heartfelt gratitude to friendly countries and international friends who care about and support the development of the PRC.

On the new journey in the new era, the central task of the Party and the country is building China into a strong country and achieving national rejuvenation on all fronts by pursuing Chinese modernization, said Xi.

Advancing this unprecedented great cause steadily is the best way to celebrate the anniversary of the PRC, he stressed.

Xi emphasized that, to advance Chinese modernization, it is imperative to always uphold the core role of the Party in exercising overall leadership and coordinating the efforts of all sides, unswervingly follow the path of socialism with Chinese characteristics, deepen reform across the board and expand opening up, uphold a people-centered approach, and remain committed to peaceful development.

**Xinhua**

# Israel's military claims killing of over 20 Hezbollah members during Nasrallah's assassination

JERUSALEM September 30

The Israeli military said on Sunday that it killed more than 20 Hezbollah militants of varying ranks in its Friday strikes in Beirut, during which the group's top leader, Sayyed Hassan Nasrallah, was also assassinated.

According to a statement from the military, among the others killed were Ibrahim Hussein Jazini, director of Nasrallah's security unit, and Samir Tawfiq Deeb, a longtime adviser to Nasrallah, as well as Abd al-Amir Muhammad Sablini and Ali Naaf Ayoub, who were responsible for Hezbollah's force build-up and firepower, respectively.

They were located at Hezbollah's central headquarters in the southern suburbs of the Lebanese capital as Israel launched the strikes, which leveled a multi-story building.

Israel continued to pound Lebanon on Sunday with more airstrikes in Beirut and the air-port area, targeting Hezbollah's chemical industry expert, according to the Israeli state-owned Kan TV news.

The military said its fighter jets also struck southern Lebanon, hitting rocket launchers aimed at Israeli territory, weapons storage facilities, and Hezbollah infrastructure sites. It highlighted that warplanes also launched fresh strikes on 45 sites in southern Lebanon's Kafra area to target the group's weapons storage facilities.

Meanwhile, Hezbollah fired about ten rockets toward the western Galilee and Haamakim areas in northern Israel, with some projectiles intercepted, according to the military.

**Xinhua**



# China's hydrogen-powered train debuts in Berlin

BERLIN September 30

China's CRRC Corporation Limited unveiled its hydrogen-powered train, the "CINOVA H2," at the 2024 InnoTrans in Berlin that concluded on Friday.

The train can reach a speed of up to 200 kilometers per hour (km/h) with zero-emission.

This train can travel up to 1,200 km on a full hydrogen tank at a cruising speed of 160 km/h, carrying over 1,000 passengers.

The "CINOVA H2," with a hydrogen consumption of less than 0.3 grams per passenger per km, is projected to reduce carbon emissions by 730 tonnes annually, based on an estimated operating distance of 300,000 km each year.

**Xinhua**

# US and its corporate interests won't leave Iraq anytime soon – analyst



BAGHDAD September 30

Iraqi Prime Minister Mohammed Shia al-Sudani indicated in January that he was committed to speeding up negotiations with the US-led international coalition on the final withdrawal of its forces from the country. He confirmed Baghdad's "steadfast and principled" position that the coalition had already fulfilled its mission.

Don't expect the US to suddenly leave Iraq "while corporate interests steer American foreign policy," Isa Blumi, an associate professor at the Department of Asian and Middle Eastern Studies at Stockholm University, told Sputnik.

"I don't see this happening [...] unless there is a serious revolution in Iraq itself or in the larger region that sees the US leave permanently from these strategic and very lucrative arenas for American corporations to make money," Blumi said, commenting on the ambiguous announcement of a partial drawdown of US forces in Iraq.

The US footprint "remains omnipresent, hegemonic, willing to use enormous violence," he noted.

The military presence "will be modified" due to the "vulnerability of explicit American presence" to aerial attacks, which might chip away at the dimming aura of US invincibility, the expert underscored.

Since the beginning of the escalation of the Palestinian-Israeli conflict, the bases of the US-led international coalition in Iraq, as well as US troops in Syria, have come under regular attacks, with armed Shiite groups claiming responsibility in Iraq.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 14 Present perfect and past 2 (I have done and I did)

**A**

We do not use the present perfect (**I have done**) when we talk about a finished time (for example, **yesterday / last year / ten minutes ago** etc.). We use a past tense:

- It **was** very cold **yesterday**. (not has been)
- Paul and Lucy **arrived ten minutes ago**. (not have arrived)
- **Did** you **eat** a lot of sweets **when you were a child**? (not have you eaten)
- I **got** home late **last night**. I **was** very tired and **went** straight to bed.

Use the past to ask **When** … ? or **What time** … ? :

- **When did** your friends **arrive**? (not have … arrived)
- **What time did** you **finish** work?

Compare:

Present perfect

- Tom **has lost** his key. He can’t get into the house.
- Is Carla here or **has** she **left**?

Past simple

- Tom **lost** his key **yesterday**. He couldn’t get into the house.
- **When did** Carla **leave**?


**B**

Compare:

Present perfect (**have done**)

- I’**ve done** a lot of work **today**.

We use the present perfect for a period of time that continues until now. For example: **today / this week / since 2010.**





- It **hasn’t rained this week**.
- **Have** you **seen** Anna **this morning**? (it is still morning now)
- **Have** you **seen** Ben **recently**? (in the last few days or weeks)
- I’**ve been working** here **since 2010**. (I still work here now)
- I don’t know where Lisa is. I **haven’t seen** her. (= I haven’t seen her recently)
- We’ve **been waiting** for an hour. (we are still waiting now)
- Jack lives in Los Angeles. He **has lived** there for seven years.
- I’**ve never ridden** a horse. (in my life)
- It’s the last day of your holiday. You say: It’s **been** a really good holiday. I’**ve** really **enjoyed** it.

Past simple (**did**)

- I **did** a lot of work **yesterday**.

We use the past simple for a finished time in the past. For example: **yesterday / last week / from 2010 to 2014.**




- It **didn’t rain last week**.
- **Did** you **see** Anna **this morning**? (it is now afternoon or evening)
- **Did** you **see** Ben **on Sunday**?
- I **worked** here **from 2010 to 2014**. (I don’t work here now)
- A: **Was** Lisa at the party **on Sunday**? B: I don’t think so. I **didn’t see** her.
- We **waited** (or **were waiting**) for an hour. (we are no longer waiting)
- Jack **lived** in New York for ten years. Now he lives in Los Angeles.
- I **never rode** a bike **when I was a child**.
- After you come back from holiday you say: It **was** a really good holiday. I really **enjoyed** it.

**Raymond Murphy**

# MOBILE

## ကာဗီယာက Mate XT Ultimate အတွက်သီးသန့်ဖြစ်သည့် ရွှေသားစစ်စစ်ဖြင့်ကာဗာကို ထုတ်ဖော်ကြေညာ

ဇိမ်ခံပစ္စည်းများ၊ လက်ဖြစ်ပစ္စည်းများ ထုတ်လုပ်မှုနဲ့ နာမည်ကျော်ကြားလှတဲ့ ကာဗီယာကုမ္ပဏီက မကြာသေးမီကမှ ထွက်ရှိထားတဲ့ Mate XT Ultimate သုံးခေါက်ချိုးဖုန်းအတွက် ရွှေသားစစ်စစ်နဲ့ ပြုလုပ်ထားတဲ့ကာဗာကို ထုတ်ဖော်ကြေညာမိတ်ဆက်လိုက်ပါတယ်။


Mate XT Ultimate ကို ဟွာဝေက ထုတ်လုပ်ထားတာဖြစ်ပြီး အခြေခံဈေးနှုန်းအားဖြင့် ယွမ် ၁၉၉၉၉ ရှိပါတယ်။ အရောင်လည်း အနက်ရောင်နဲ့အနီရောင်ဆိုပြီး နှစ်ရောင်တည်းသာလာပါတယ်။ သူက အထက်တန်းလွှာတွေအတွက်သာ သီးသန့်ရည်ရွယ်ထားတဲ့ ဇိမ်ခံဖုန်းတစ်လုံးပါ။

ဒီလိုမျိုးဇိမ်ခံဖုန်းအတွက် ပိုမိုပြီးပြည့်စုံသွားစေဖို့ ကာဗီယာက ရွှေသားစစ်စစ်ကာဗာနဲ့ထပ်လောင်းမြှင့်တင်ပေးလိုက်တဲ့ပုံစံပါပဲ။ သူ့မှာလည်း Black Dragon နဲ့ Gold Dragon ဆိုပြီး အရောင်နှစ်မျိုးတည်းသာထုတ်လုပ်ထားတာပါ။

တရုတ်နိုင်ငံသားတွေက ၈၈ ဆိုတာကို သူတို့အတွက် ကံကောင်းစေတဲ့ဂဏန်းအဖြစ်သတ်မှတ်ထားတာကြောင့် ကာဗီယာကလည်း အဲဒီရွှေသားစစ်စစ်ကာဗာကို နှစ်ခုပေါင်းမှအခုရေ ၈၈ ခုသာထုတ်လုပ်သွားမှာပါ။ ဈေးနှုန်းကတော့ ဖုန်းရဲ့ Storage ပမာဏအပေါ်မူတည်ပြီးအနည်းဆုံး ဒေါ်လာ ၁၂၇၇၀ မှသည် အများဆုံး ဒေါ်လာ ၁၅၃၆၀ အထိရှိပါတယ်။

Ref: GA

K.H



## ဟွာဝေ၏ Mate 70 Pro က ကင်မရာငါးလုံးဖြင့် ထွက်ပေါ်လာဖွယ်ရှိနေ

တရုတ်နိုင်ငံရဲ့ မိုဘိုင်းဖုန်းထုတ်လုပ်မှုထိပ်တန်းကုမ္ပဏီဖြစ်တဲ့ ဟွာဝေကုမ္ပဏီက Mate 60 Pro ကို ပြီးခဲ့တဲ့နှစ်ဩဂုတ်လမှာ ထုတ်ဖော်မိတ်ဆက်ရောင်းချခဲ့ပါတယ်။ သူ့ရဲ့အချိန်ဇယားအရဆိုရင်တော့ ဒီနှစ် အောက်တိုဘာလမှာ Mate 70 Pro က ထွက်ပေါ်လာရမှာပါ။

အခုထိတော့ သူထွက်ပေါ်လာမယ့် အချိန်အတိအကျကို ဘယ်သူမှမသိရသေးပါဘူး။ ဒါပေမဲ့ အွန်လိုင်းပေါ်မှာထွက်ပေါ်လာတဲ့ဓာတ်ပုံတွေအရ မကြာသေးခင်က ပေါက်ကြားလာတဲ့ ဒီဇိုင်းပုံစံအတိုင်းဖြစ်ဖို့များနေပါတယ်။ ပေါက်ကြားလာတဲ့ ဒီဇိုင်းမှာတော့ Mate 70 Pro ကင်မရာနေရာကို အဝိုင်းပုံစံနဲ့ထားထားတာပါ။

ဒါ့အပြင် ဟွာဝေကုမ္ပဏီအမှုဆောင်တစ်ဦးက ဖုန်းကိုကိုင်ထားတဲ့ဓာတ်ပုံမှာတော့ ကင်မရာငါးလုံးအထိပါဝင်နေတာကိုတွေ့ရတယ်လို့ သတင်းအရင်းအမြစ်တစ်ခုကဖော်ပြထားပါတယ်။ ဒါပေမဲ့ ဖုန်းကိုကာဗာတပ်ပြီးကိုင်ထားတာဆိုတော့ တခြားအသေးစိတ်အချက်အလက်တွေကိုမသိနိုင်သေးပါဘူး။ ပြီးခဲ့တဲ့ကောလာဟလတွေမှာတော့ Mate 70 Pro မှာ Kirin 9100 SoC ကို အသုံးပြုလာမှာဖြစ်တဲ့အပြင် ကင်မရာက 60MP ပါဝင်လာမယ်လို့ဆိုထားပါတယ်။

Ref: GA

K.H



# WORLD RECORDS

## Down's Syndrome ရောဂါသည် အိုလံပစ်အားကစားမယ်က ကမ္ဘာ့စံချိန်လေးခုကိုတင်ထားနိုင်



အမေရိကန်နိုင်ငံမှ ချယ်ဆီးဝါနာဆိုသူ အမျိုးသမီးဟာ Down's Syndrome ဆိုတဲ့ ရောဂါကိုခံစားနေရသူပါ။ အဲဒီရောဂါကို စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု နှေးကွေးတဲ့ ရောဂါလို့ဆိုနိုင်ပါတယ်။

ဒါပေမဲ့လည်း ချယ်ဆီးဝါနာက အိုလံပစ်အားကစားမယ်တစ်ဦး ဖြစ်နေတဲ့အပြင် သူ့လိုမျိုး မသန်စွမ်းသူတွေကြားထဲမှာ အားကစားနဲ့ပတ်သက်လို့ကမ္ဘာ့စံချိန်လေးခုကိုတင်ထားနိုင်သူဖြစ်ပါတယ်။

သူတင်ထားနိုင်တဲ့စံချိန်တွေက အထက်ဖမ်းဆွဲလေ့ကျင့်ခန်း၊ ခြေလွှဲအထက်ဖမ်းဆွဲလေ့ကျင့်ခန်း၊ နောက်လှန်လမ်းလျှောက်လေ့ကျင့်ခန်း၊ နောက်ကျွမ်းပစ်လေ့ကျင့်ခန်းတို့ကို စက္ကန့် ၃၀ အတွင်း အကြိမ်ရေအများဆုံးလုပ်ဆောင်နိုင်ခဲ့တဲ့ စံချိန်တွေပဲဖြစ်ပါတယ်။

အခုဆိုရင် ချယ်ဆီးဝါနာတစ်ယောက် ၂၀၂၅ ခုနှစ်အတွက်ထုတ်ပြန်မယ့် ကမ္ဘာ့ဂင်းနစ်မှတ်တမ်းစာအုပ်မှာ ပါဝင်ခွင့်ရပြီဖြစ်တာကြောင့် သူ့အနေနဲ့ရင်ခုန်စိတ်လှုပ်ရှားရပြီး ဂုဏ်လည်းယူရပါတယ်လို့ ပြောထားပါတယ်။ ဒီလိုမျိုး မသန်စွမ်းသူတစ်ယောက်က ကမ္ဘာ့စံချိန်များတင်နိုင်ခြင်းဟာ သူ့လိုလူတွေအတွက်စိတ်ခွန်အားကို ဖြစ်စေပါလိမ့်မယ်။

Ref: GWR

K.H

## လက်တွေ့ဘဝက ဟယ်ရီပေါ်တာ တစ်မိနစ်အတွင်းမျက်လှည့်အများဆုံးပြသ




စီလီယံအိုကော်နာဆိုသူ ကလေးငယ်ဟာ အသက် ၁၅ နှစ်သာရှိပါသေးတယ်။ ဒါပေမဲ့လည်း သူဟာတကယ့်လက်တွေ့ဘဝက မှော်ဆရာလေးဟယ်ရီပေါ်တာဆိုပြီးတင်စားခံထားရပါတယ်။

အိုင်ယာလန်နိုင်ငံသားဖြစ်တဲ့ အဆိုပါ မှော်ဆရာလေးဟာ တစ်မိနစ်အတွင်းမှာ မျက်လှည့်ပြကွက်ပေါင်းအများဆုံးပြသနိုင်တဲ့သူအဖြစ် ကမ္ဘာ့စံချိန်တင်သွားတာကိုတွေ့ရပါတယ်။

အဲဒီလိုစံချိန်တင်နိုင်ဖို့အတွက် စီလီယံဟာ တစ်မိနစ်အတွင်းမျက်လှည့်ပြကွက်ပေါင်း ၂၈ ကွက်ပြသခဲ့တာပါ။ မှော်တုတ်တံကို တစ်နေရာရာမှာပေါ်လာအောင်လုပ်တာမျိုး၊ ခဲတံတွေကိုပျောက်သွားအောင်ဖျောက်ပြတာမျိုးတွေလည်း ပါဝင်ပါတယ်။ သူက အသက် ၁၆ နှစ်အောက်တွေအတွက် သတ်မှတ်ထားတဲ့ ဂင်းနစ်မှတ်တမ်းမှာ ပါဝင်လာတာဖြစ်ပါတယ်။

Ref: GWR

K.H

## နိုင်ဂျီးရီးယားမှဆံပင်အတုလုပ်သူက ကမ္ဘာ့စံချိန်လေးခုကိုရရှိထား



နိုင်ဂျီးရီးယားနိုင်ငံမှ ဟယ်လင်ဝီလီယံဆိုသူဟာ ဆံပင်အတုလုပ်တဲ့နေရာမှာ သိပ်ကိုကျွမ်းကျင်တဲ့သူဖြစ်ပါတယ်။ ဒီလိုကျွမ်းကျင်မှုနဲ့အတူ သူဟာကမ္ဘာ့စံချိန်လေးခုကိုလည်းတင်ထားနိုင်သူပါ။

ပထမဆုံးစံချိန်က အရှည် ၃၅၁ ဒသမ ၂၈ မီတာရှိတဲ့ အရှည်ဆုံးလက်ဖြစ်ဆံပင်တုလုပ်နိုင်မှုပါ။ ၂၀၂၃ ခုနှစ် ဇူလိုင်လမှာဖြစ်ပါတယ်။ ဒုတိယကတော့ ဗျက်အကျယ်ဆုံး ဆံပင်တုလုပ်နိုင်မှုဖြစ်ပြီး သူ့ရဲ့ဖန်တီးမှုက ၃ ဒသမ ၆၅ မီတာရှိပါတယ်။

တတိယစံချိန်ကကျတော့ စက္ကန့် ၃၀ အတွင်းဆံပင်တုမှာ ဆံညှပ်အများဆုံးညှပ်နိုင်တဲ့စံချိန်ပါ။ အဲဒီမှာ ဆံညှပ် ၉၄ ခုညှပ်နိုင်ခဲ့ပါတယ်။ စတုတ္ထစံချိန်ကတော့ စက္ကန့် ၃၀ အတွင်းခေါင်းပေါ်မှာဆံညှပ်အများဆုံးညှပ်နိုင်ခြင်းဖြစ်ပြီး ဆံညှပ် ၉၇ ခုကိုညှပ်နိုင်ခဲ့တာပဲဖြစ်ပါတယ်။

Ref: GWR

K.H

# ဒေါ်နယ်ထရမ့်ရှုံးလျှင် ယခုရွေးကောက်ပွဲက အမေရိကန်အတွက် နောက်ဆုံးရွေးကောက်ပွဲဖြစ်မည်ဟု အီလွန်မက်သတိပေး


**ဝါရှင်တန်၊ နိုင်ငံရေး**

ယခုရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့် ရှုံးနိမ့်ခဲ့ပါက ထိုရွေးကောက်ပွဲသည် အမေရိကန်နိုင်ငံသားများအတွက် နောက်ဆုံးရွေးကောက်ပွဲဖြစ်လာမည်ဟု နည်းပညာကုမ္ပဏီများ၏အကြီးအကဲ အီလွန်မက်က သတိပေးလိုက်သည်။

ဒီမိုကရက်တစ်ပါတီက တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုရေးကတိပေးခြင်းအားဖြင့် ယိမ်းလွယ်သောပြည်နယ်များတွင် ၎င်းတို့အတွက်ထောက်ခံမှုကိုရရှိခဲ့လျှင် အမေရိကန်နိုင်ငံသည် တစ်ပါတီနိုင်ငံသာဖြစ်သွားတော့မည်ဖြစ်ကြောင်း အီလွန်မက်ကပြောထားခြင်းဖြစ်သည်။

ဒီမိုကရက်တစ်ပါတီမှ သမ္မတကိုယ်စားလှယ်လောင်းဖြစ်သည့် ဒုတိယသမ္မတကမ်မလာဟဲရစ်က ဒေါ်နယ်ထရမ့်သည် ဒီမိုကရေစီ၏အန္တရာယ်ဖြစ်သည်ဟုအကြိမ်ကြိမ်ပြောထားသော်လည်း တကယ်တမ်းတွင် ဟဲရစ်ပြောဆိုချက်၏ပြောင်းပြန်သာ အမှန်ဖြစ်ကြောင်း အီလွန်မက်ကဆက်ပြောသည်။

အကယ်၍ တစ်နှစ်တွင် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူအယောက် ၂၀ အနက် တစ်ဦးသာနိုင်ငံသားဖြစ်ခွင့်ပေးမည်ဆိုပါက လေးနှစ်အတွင်း တရားဝင်မဲပေးခွင့်ရသူနှစ်သန်းရှိလာပြီဖြစ်ကြောင်း၊ လက်ရှိအစိုးရလက်ထက်မှာပင် နိုင်ငံသားဖြစ်ခွင့်ရသည့် ရွှေ့ပြောင်းနေထိုင်သူကိုးသန်းအထိရှိထားကြောင်း၊ နောက်ပိုင်းတွင် အဆိုပါရွှေ့ပြောင်းနေထိုင်သူများမှ နိုင်ငံသားဖြစ်လာသူများ၏မဲပေးမှုဖြင့် ဒီမိုကရက်တစ်ပါတီက နိုင်ငံရေးတွင်ဗိုလ်ကျလွှမ်းမိုးမှုရှိသောပါတီဖြစ်လာတော့မည်ဖြစ်ကြောင်းနှင့် အမေရိကန်သည် တစ်ပါတီအာဏာရှင်စနစ်သို့ရောက်သွားလိမ့်မည်ဖြစ်ကြောင်း အီလွန်မက်ကသတိပေးထားသည်ဟုသိရသည်။ **Ref: RT**



# သတင်းတိုကဏ္ဍ

## တရုတ်နိုင်ငံ၏ ပြည်ပရှိပိုင်ဆိုင်မှုပမာဏ အမေရိကန်ဒေါ်လာ ကိုးထရီလီယံကျော်အထိရှိလာ

ပြည်ပနိုင်ငံများရှိ တရုတ်နိုင်ငံ၏ပိုင်ဆိုင်မှုပမာဏသည် အမေရိကန်ဒေါ်လာ ကိုးထရီလီယံကျော်လာပြီဖြစ်ကြောင်း အစိုးရ၏ စက်တင်ဘာလ ၃၀ ရက် ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဇွန်လကုန်အထိ ပြည်ပနိုင်ငံများရှိ ပိုင်ဆိုင်မှုပမာဏမှာ ဒေါ်လာ ၉ ဒသမ ၇၉ ထရီလီယံဖြစ်ကြောင်း၊ ပေးဆပ်ရန်တာဝန်ရှိသည့်ပမာဏမှာ ဒေါ်လာ ၆ ဒသမ ၈ ထရီလီယံဖြစ်ကြောင်း၊ ထို့ကြောင့် အသားတင်ပိုင်ဆိုင်မှုမှာ ဒေါ်လာ ၂ ဒသမ ၉၉ ထရီလီယံနီးပါးရှိကြောင်း နိုင်ငံခြားငွေလဲလှယ်မှုအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ပြည်ပနိုင်ငံများရှိ ပိုင်ဆိုင်မှုစုစုပေါင်းအနက် အရန်ပိုင်ဆိုင်မှုပမာဏမှာ ဒေါ်လာ ၃ ဒသမ ၄၅ ထရီလီယံရှိကြောင်း၊ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ၃ ဒသမ ၀၂ ထရီလီယံရှိကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

အဆိုပါပမာဏများသည် ပိုင်ဆိုင်မှုစုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းနှင့် ၃၁ ရာခိုင်နှုန်းစီအသီးသီးဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။ **Ref: Xinhua**

## တရုတ်(တိုင်ပေ)သို့ ဒေါ်လာ ၅၆၇ သန်းတန်ဖိုးရှိ ကာကွယ်ရေးအကူအညီများပေးရန် ဘိုင်ဒင်အတည်ပြု

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် တရုတ်(တိုင်ပေ)သို့ ဒေါ်လာ ၅၆၇ သန်းတန်ဖိုးရှိ ကာကွယ်ရေးအကူအညီများပေးရန် စက်တင်ဘာလ ၂၉ ရက်တွင် အတည်ပြုလိုက်ပြီဖြစ်ကြောင်းသိရသည်။

ယခုအတည်ပြုပေးလိုက်သည့်ပမာဏသည် ပြီးခဲ့သည့်နှစ်ဇူလိုင်လတွင်ပေးခဲ့သော ကာကွယ်ရေးအကူအညီထက်နှစ်ဆပိုများသည်။

အလားတူ အမေရိကန်အစိုးရသည် ယခုနှစ် ဧပြီလတွင်လည်း တရုတ်(တိုင်ပေ)သို့ ဒေါ်လာဘီလီယံပေါင်းများစွာတန်ဖိုးရှိသည့်စစ်ရေးအကူအညီများပေးရန် အတည်ပြုထားသေးသည်။

တရုတ်(တိုင်ပေ)ဟုခေါ်သော ထိုင်ဝမ်ကျွန်းကို တရုတ်နိုင်ငံက ၎င်းတို့၏ဒေသတစ်ခုအဖြစ်သာသတ်မှတ်ထားပြီး အမေရိကန်ကိုလည်း တရုတ်အစိုးရသတ်မှတ်ချက်အတိုင်းသဘောထားပေးရန် တောင်းဆိုထားသည်။

အမေရိကန်သည် တရုတ်(တိုင်ပေ)ကို သံတမန်ရေးအရတရားဝင်အသိအမှတ်မပြုသော်လည်း စစ်ရေးအကူအညီများစွာပေးလေ့ရှိသည်။ **Ref: RTA**

## ရေကြီးမှုများကြောင့် လာအိုနိုင်ငံမြောက်ပိုင်း၌ စာသင်ကျောင်းများပိတ်ထားရ

လာအိုနိုင်ငံမြောက်ပိုင်းရှိ လွမ်နမ်သာပြည်နယ်၌ ရေကြီးမှုများကြောင့်စာသင်ကျောင်း ၅၀ ကို ခေတ္တပိတ်ထားကြောင်း တာဝန်ရှိသူများကပြောသည်။

ကျောင်းများပိတ်ထားရသည့်အတွက် ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၆၀၀၀ နီးပါးအပေါ်အကျိုးသက်ရောက်မှုရှိစေသည်။

ရေကြီးမှုများကြောင့် စာသင်ကျောင်းအဆောက်အအုံများနှင့် သင်ထောက်ကူပစ္စည်းများစွာပျက်စီးရပြီး ဒေသခံတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းများကရှင်းလင်းရေးလုပ်ငန်းများကို လုပ်ဆောင်နေကြောင်း လာအိုအမျိုးသားရေဒီယိုသတင်းဌာနက စက်တင်ဘာလ ၃၀ ရက်တွင်ဖော်ပြထားသည်။

လာအိုနိုင်ငံရှိ ပြည်နယ်အများအပြားသည် မုန်တိုင်းရာဂိဝင်ရောက်တိုက်ခတ်ခြင်းကိုခံရပြီး ယင်းပြည်နယ်များအနက် လွမ်နမ်သာပြည်နယ်မှာ ထိခိုက်မှုအများဆုံးဖြစ်သည်။ လက်ရှိတွင် အနိမ့်ပိုင်းဒေသများတွင်နေထိုင်သူများသည် ရေကြီးမှုနှင့်ရင်ဆိုင်ရနိုင်သေးကြောင်း တာဝန်ရှိသူများပြောသည်။ **Ref: Xinhua**

## ဂျပန်ဝန်ကြီးချုပ်လောင်းက အထွေထွေရွေးကောက်ပွဲကို အောက်တိုဘာလ ၂၇ ရက်တွင်ကျင်းပမည်

ဂျပန်နိုင်ငံ၏ဝန်ကြီးချုပ်လောင်းဖြစ်သော ရှီဂဲရူအီရှီဘာက အထွေထွေရွေးကောက်ပွဲကို အောက်တိုဘာလ ၂၇ ရက်တွင် ကျင်းပရန်စီစဉ်ထားကြောင်း စက်တင်ဘာလ ၃၀ ရက်တွင်ပြောသည်။

ထို့ပြင် အောက်လွှတ်တော်ကို အောက်တိုဘာလ ၉ ရက်တွင်ဖျက်သိမ်းသွားမည်ဖြစ်ပြီး ပြည်သူလူထု၏ထောက်ခံမှုကိုလည်း အမြန်ဆုံးတောင်းခံသွားမည်ဟု ၎င်းကဆက်ပြောသည်။

ကာကွယ်ရေးဝန်ကြီးဟောင်းတစ်ဦးဖြစ်သည့် ရှီဂဲရူအီရှီဘာသည် နိုင်ငံ၏အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ရာထူးကို စက်တင်ဘာလ ၂၉ ရက်တွင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံတွင် အသစ်တက်လာသည့်ဝန်ကြီးချုပ်တိုင်းသည် ၎င်းတို့၏နိုင်ငံရေးအစီအစဉ်များကိုအကောင်အထည်ဖော်ရန်နှင့် ပြည်သူလူထု၏ထောက်ခံမှုကိုရယူရန် အောက်လွှတ်တော်ကိုဖျက်သိမ်းပြီး ရွေးကောက်ပွဲကျင်းပလေ့ရှိကြောင်းသိရသည်။ **Ref: Xinhua**

# တိုင်ဖွန်းမုန်တိုင်းခရေသွန် ထိုင်ဝမ်ကျွန်းကုန်းတွင်းပိုင်းသို့ဝင်ရောက်မည်

**တိုင်ပေ၊ ရာသီဥတု**

ပြင်းအားအဆင့် ၄ အထိရောက်ရှိလာနိုင်သည့် တိုင်ဖွန်းမုန်တိုင်းခရေသွန်သည် ထိုင်ဝမ်ကျွန်းကုန်းတွင်းပိုင်းသို့ဝင်ရောက်မည်ဖြစ်ကြောင်းသိရသည်။ စက်တင်ဘာလ ၃၀ ရက်တွင်မုန်တိုင်းသည်အနောက်မြောက်ဘက်သို့ဦးတည်ရွေ့လျားလာပြီး ထိုင်ဝမ်ကျွန်းနှင့် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတို့၌ မိုးသည်းထန်စွာရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုများဖြစ်ပွားသည်။ ထို့ပြင် မြေပြိုမှုများဖြစ်ပွားနိုင်ခြေလည်းရှိနေသည်။

မုန်တိုင်း၏အရှိန်ကြောင့် ထိခိုက်ပျက်စီးနိုင်ခြေသည် အလွန်များပြားကြောင်း၊ ယခုကဲ့သို့ အင်အားပြင်းမုန်တိုင်းတစ်လုံးအနေဖြင့် ထိုင်ဝမ်ကျွန်းသို့တည့်တည့်ဝင်သည်က ရှားပါးဖြစ်စဉ်တစ်ခုဖြစ်ကြောင်း ထိုဒေသမှမိုးလေဝသ တာဝန်ရှိသူများကပြောသည်။

တိုင်ဖွန်းမုန်တိုင်း ခရေသွန်သည် အောက်တိုဘာလ ၂ ရက်တွင် ထိုင်ဝမ်ကျွန်းသို့ဝင်နိုင်ဖွယ် ရှိပြီး ထိုကျွန်းပေါ်ရှိတောင်တန်းများနှင့် ရိုက်ခတ်ပြီးနောက် ဦးတည်ချက် ရုတ်တရက် ပြောင်းသွားနိုင်ဖွယ်ရှိကြောင်း သိရသည်။ **Ref: Independent**

# အစ္စရေးက လက်ဘနွန်တွင် ဟားမက်ခေါင်းဆောင်ကိုချေမှုန်းလိုက်နိုင်ဟုအတည်ပြု

**ဂျေရုဆလင်၊ စစ်ရေး**

အစ္စရေးစစ်ဘက်သည် လက်ဘနွန်နိုင်ငံတောင်ပိုင်း၌လုပ်ဆောင်သည့် စစ်ဆင်ရေးအတွင်း လက်ဘနွန်နိုင်ငံဆိုင်ရာဟားမက်ခေါင်းဆောင်ကို ချေမှုန်းလိုက်နိုင်သည်ဟု စက်တင်ဘာလ ၃၀ ရက်တွင် အတည်ပြုထုတ်ပြန်ထားသည်။

ဟားမက်ခေါင်းဆောင် ဖာတာရှားရစ်သည် အစ္စရေးစစ်ဘက်က စက်တင်ဘာလ ၃၀ ရက်တွင်လုပ်ဆောင်သော ရာရှီဒီစခန်းအပေါ်ဗုံးကြဲတိုက်ခိုက်မှုအတွင်း ၎င်း၏ဇနီး၊ သားနှစ်ဦးနှင့်အတူသေဆုံးသွားခြင်းဖြစ်ကြောင်း လက်ဘနွန်စစ်ဘက်သတင်းအရင်းအမြစ်များကပြောသည်။

အစ္စရေးစစ်ဘက်အနေဖြင့် လက်ဘနွန်အပေါ်တိုက်ခိုက်မှုများ စတင်လုပ်ဆောင်သည့်အချိန်နောက်ပိုင်းတွင် ထိုစခန်းမှာ ပထမဆုံးအကြိမ်အဖြစ် ပစ်မှတ်ထားတိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း လက်ဘနွန်အမျိုးသားသတင်းဌာနကဖော်ပြထားသည်။

အစ္စရေးနိုင်ငံသည် ဂါဇာဘက်မှနေ၍ လက်ဘနွန်ဘက်ကို စစ်မျက်နှာဖွင့်နေခြင်းဖြစ်ပြီး တိုက်ခိုက်မှုများတွင် ဟစ်ဇဘိုလာခေါင်းဆောင်၊ အီရန်နိုင်ငံမှ IRGC ထိပ်တန်းခေါင်းဆောင်တစ်ဦးနှင့် ယခုနောက်ဆုံး လက်ဘနွန်နိုင်ငံဆိုင်ရာ ဟားမက်အဖွဲ့မှ ခေါင်းဆောင်တို့ကို ချေမှုန်းလိုက်နိုင်သည်။ အစ္စရေးအနေဖြင့် ထိုသို့ချေမှုန်းလိုက်နိုင်သော်လည်း ဒေသတွင်း၌ပဋိပက္ခများပိုမိုမြင့်တက်လာဖွယ်ရာသာရှိကြောင်း သိရသည်။

**Ref: Xinhua**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင်ကျင်းပသည့် (၇) ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် စက်တင်ဘာ ၃၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ စက်တင်ဘာလ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ်အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ တက်ရောက်ခဲ့သည်။




စက်တင်ဘာလ ၂၆ ရက် နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် (၇) ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်၏ “Low-Carbon Energy: The Foundation of a Sustainable Future” ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစွမ်းအား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကာဗွန်နည်းသော အရင်းအမြစ်များဖြစ်သည့် ပြန်ပြည့်မြဲစွမ်းအင် (ရေအား၊ လေအား၊ နေရောင်ခြည်) ကို နိုင်ငံတော်ဓာတ်အားစနစ် (National Grid) နှင့်ချိတ်ဆက်ပြီး ဓာတ်အားထုတ်လုပ်သည့် စီမံကိန်းများ အကောင်အထည်ဖော်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရေအားလျှပ်စစ်၊ လေစွမ်းအင်အရင်းအမြစ်ရရှိနိုင်သည့်နေရာများတွင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကိုဆောင်ရွက်လျက်ရှိရာ ကုန်းတွင်းစီမံကိန်းနေရာ ၂၈ ခုနှင့် ကမ်းလွန်စီမံကိန်းနေရာနှစ်ခုရှိကြောင်း၊ လေအားစွမ်းအင်သုံး၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများ Energy Storage System နှင့် ပေါင်းစပ်ပြီး ဓာတ်အားစနစ်သို့ ပို့လွှတ်ခြင်းဖြင့် တည်ငြိမ်သည့်ဓာတ်အားပေးစနစ်ရရှိရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ဖိုရမ်၏ပင်မအစီအစဉ်ဖြစ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် အီကွေတိုရီရယ်ဂီနီသမ္မတနိုင်ငံ သမ္မတ တီယိုဒိုရို အိုဘင်ရာ နဂွင်းမာ အမ်ဘားဆိုဂို (Teodoro Obiang Nguema Mbasogo)တို့က ကမ္ဘာ့နိုင်ငံများ၏စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းအပေါ် ဆွေးနွေးခဲ့ကြသည့် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Rosatom ၏ အကြီးအကဲဖြစ်သူ ဥက္ကဋ္ဌ အလက်ဆီလီကာချော့နှင့်အဖွဲ့အား တွေ့ဆုံ၍ နှစ်နိုင်ငံကြား လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များကို ဆွေးနွေးပြီး ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

စက်တင်ဘာလ ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများဖြစ်သည့် Rosatom Renewable Energy ကုမ္ပဏီ၊ Rosatom Smart Utilities ကုမ္ပဏီ၊ Rosatom Energy Projects ကုမ္ပဏီများနှင့်တွေ့ဆုံခဲ့ပြီး လေအားလျှပ်စစ်စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ရေအားလျှပ်စစ်စက်ရုံများ မွမ်းမံပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

စက်တင်ဘာလ ၂၈ ရက်တွင် နျူကလီးယားနည်းပညာဖြစ်ပေါ်တိုးတက်မှုသမိုင်းပြတိုက် Atom Pavilion သို့ သွားရောက်လေ့လာပြီး လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ စက်တင်ဘာလ ၂၉ ရက် ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ (၅၀၀)

# ခရီးစဉ်ဒေသများဖွံ့ဖြိုးတိုးတက်စေရေးနှင့် လာမည့်ခရီးသွားရာသီကာလတွင် ပြည်တွင်း / ပြည်ပခရီးသွားများ ပိုမိုလည်ပတ်နိုင်ရေးအတွက် မြှင့်တင်ကြော်ငြာဆောင်ရွက်ရေးနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၃၀

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ခရီးစဉ်ဒေသများသို့ လာမည့်ခရီးသွားရာသီကာလအတွင်း ပြည်တွင်း/ပြည်ပ ခရီးသွားများ ပိုမိုလာရောက်လည်ပတ်စေရန် မြှင့်တင်ကြော်ငြာ ဆောင်ရွက်ရေးနှင့် သွားလာလည်ပတ်မှု အဆင်ပြေစေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ ရုံးခွဲတာဝန်ခံညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လာမည့်ခရီးသွားရာသီကာလတွင် မိမိတို့တိုင်းဒေသကြီး/ပြည်နယ်များရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်း/ပြည်ပ ခရီးသွားများ အဆင်ပြေချောမွေ့စွာ ပိုမိုလာရောက်လည်ပတ်ကြစေရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များ၊ ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများဖြင့် ပူးပေါင်း၍ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ခေတ်နှင့်အညီ နည်းပညာရပ်များ အသုံးချ၍ မြှင့်တင်ကြော်ငြာဆောင်ရွက်ကြရေး၊ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများက ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ ခရီးစဉ်ဒေသများသို့ ပြည်တွင်း/ပြည်ပခရီးသွား ဧည့်သည်များ ဝင်ရောက်မှုအခြေအနေများ၊ ခရီးသွားလုပ်ငန်းအမျိုးအစားအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လာမည့်ခရီးသွားရာသီ ကာလအတွင်း ခရီးသွားများ သွားလာလည်ပတ်မှု အဆင်ပြေစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် မြှင့်တင်ကြော်ငြာဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြားကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၃၅ | ၃၂၁၅ | ၃၀၉၀ | ၃၀၄၅ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၀ | ၃၀၉၅ | ၃၃၂၀ | ၃၃၅၀ | ၃၂၀၅ | ၃၁၂၀ | ၃၂၅၀ | ၃၂၄၀ | ၃၂၅၅ | ၃၆၅၅ | ၄၆၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၀ | ၃၃၈၅ | ၃၃၉၅ | ၃၃၅၀ | ၃၄၇၅ | ၃၅၀၅ | ၃၃၆၀ | ၃၃၇၅ | ၃၄၀၅ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၀ | ၄၈၀၀ |
| HSD (500 ppm) | ၂၇၈၅ | ၂၆၆၅ | ၂၆၄၀ | ၂၇၉၅ | ၂၆၆၅ | ၂၆၀၀ | ၂၆၉၀ | ၂၆၄၅ | ၂၇၇၀ | ၂၈၀၀ | ၂၆၅၅ | ၂၆၇၀ | ၂၇၀၀ | ၂၆၉၀ | ၂၇၀၀ | ၃၀၀၅ | ၄၆၀၀ |
| HSD (50 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၉၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |
| HSD (10 ppm) | ၃၂၃၀ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၀ | ၃၃၁၅ | ၃၃၂၅ | ၃၃၄၀ | ၃၂၉၅ | ၃၄၂၀ | ၃၄၅၀ | ၃၃၀၀ | ၃၃၁၅ | ၃၃၅၀ | ၃၃၃၅ | ၃၃၅၀ | ၃၇၅၅ | ၄၆၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၇၃ | ၃၀၆၆ |
| 95 Ron | ၃၁၂၄ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၁၈ |
| HSD (50 ppm) | ၃၀၆၈ | ၃၁၅၉ |
| HSD (10 ppm) | ၃၀၆၈ | ၃၁၅၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂


စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)က ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့်ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့မှုအပေါ် ကြိုဆိုထောက်ခံပါကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)က သဘောထားထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်**

နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သော ဆုံးရှုံးနစ်နာမှုများသည် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် ဖြစ်သည်ကိုထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့်အဖွဲ့အစည်းများအားလုံးသည် အကြမ်းဖက်လမ်းစဉ်ကိုစွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၆)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါထုတ်ပြန်ကြေညာချက်အား မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)အနေဖြင့်ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

## အခြေခံပညာ ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၇) သင်တန်းဖွင့်ပွဲကျင်းပ



**နေပြည်တော် စက်တင်ဘာ ၃၀**

အခြေခံပညာဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၇)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က အမှာစကားပြောကြားရာတွင် အခြေခံပညာ ဆရာ၊ဆရာမများ၏ ပညာရေးလုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက်၊ ရာထူးအဆင့်အလိုက် တည်တည်ငြိမ်ငြိမ် မှန်မှန်ကန်ကန်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်မွေးထုတ်နိုင်စေရန် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၈၁ ဦး၊ သင်တန်းသူ ၃၀၂ ဦး စုစုပေါင်း ၃၈၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(၅၀၀)**

## ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၃၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၅ ရက်မှ ၁၀ ရက်နေ့အတွင်း မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၂ ပေမှ ၅ ပေခန့်နှင့် မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၁ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်၊ စီတိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ **(မိုး/ဇလ)**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၁) သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင်ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ၊ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၁)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၀၉ ဦး၊ သင်တန်းသူ ၂၂၃ ဦး စုစုပေါင်း ၃၃၂ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ စက်တင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၁၁ ရက်အထိ တက်ရောက်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နည်းပြရာထူးမှထုတ်ပယ်ခံရမည်ကို စိုးရိမ်မှုမရှိကြောင်း စပါးအသင်းကိုရှုံးနိမ့်သည့်ပွဲစဉ်အပြီးတွင် မန်ယူအသင်းနည်းပြ တန်ဟတ်ပြောကြား



**မန်ချက်စတာ စက်တင်ဘာ ၃၀**

မန်ယူအသင်းနည်းပြ တန်ဟတ်က အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်ကို စိုးရိမ်မှုမရှိကြောင်း စပါးအသင်းကို ဂိုးပြတ်ရှုံးနိမ့်သည့်ပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်(၆)အဖြစ် မန်ယူအသင်း အိမ်ကွင်း အိုးထရက်ဖို့ဒ်ကွင်း၌ကစားသည့် မန်ယူအသင်းနှင့် စပါးအသင်းတို့ပွဲစဉ်တွင် မန်ယူအသင်းအနေဖြင့် စပါးအသင်းကို အဘက်ဘက်က ယှဉ်ပြိုင်နိုင်ခြင်းမရှိဘဲ ပွဲချိန် ၄၂ မိနစ်တွင် အသင်းခေါင်းဆောင် ဘရူနိုဖာနန်ဒက်စ် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရပြီးနောက် မန်ယူအသင်း၏ အခြေအနေမှာ ပိုမိုဆိုးရွားခဲ့ကာ ဂျွန်ဆင်၊ ကူလူဆက်စကီးနှင့် ဆိုလန်ကီတို့၏ သွင်းဂိုးများဖြင့် စပါးအသင်းက အဝေးကွင်း၌ ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

နည်းပြတန်ဟတ်သည် မန်ယူအသင်းကို ၂၀၂၂ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ကာ ကာရာဘောင်းဖလားဆွတ်ခူးပေးနိုင်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့သည်။ သို့သော် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ရလဒ်ပိုင်းမတည်ငြိမ်မှုများနှင့်အတူ မှတ်တမ်းဆိုးများရရှိခဲ့ကာ အဆင့်(၈)နေရာ၌သာ ရပ်တည်နိုင်ခဲ့ပြီးနောက် နည်းပြတန်ဟတ်အနေဖြင့် အနာဂတ်မတည်မငြိမ်ဖြစ်ခဲ့သော်လည်း အက်ဖ်အေဖလားဆွတ်ခူးနိုင်ခဲ့ပြီးနောက်တွင် မန်ယူအသင်းက တစ်နှစ်ထပ်မံသက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ယခုဘောလုံးရာသီတွင်လည်း မန်ယူအသင်းသည် ရာသီအစကတည်းက ရုန်းကန်နေရပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ခြောက်ပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးနိမ့်ထားကာ ရမှတ်ခုနစ်မှတ်သာရရှိခဲ့သကဲ့သို့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ပြီးနောက် နည်းပြတန်ဟတ်၏အနာဂတ်မှာလည်း မရေမရာဖြစ်လာခဲ့သည်။

နည်းပြတန်ဟတ်က "နည်းပြရာထူးအတွက် စိုးရိမ်မှုမရှိပါဘူး။ ကျွန်တော်တို့ ပြီးခဲ့တဲ့နွေရာသီကတည်းက အသင်းပိုင်ရှင်တွေ၊ အသင်းဘုတ်အဖွဲ့ဝင်တွေနဲ့ ဆွေးနွေးမှုတွေလုပ်ဆောင်ထားပြီးသားပါ။ ကျွန်တော်တို့ ဘယ်လိုတိုးတက်မှုရှိအောင်လုပ်ဆောင်ရမယ်ဆိုတာ ပြောထားပြီးသားပါ"ဟု ပြောသည်။ ***Ref;Sky Sports***

## ရိုဒရီမရှိသည့်အကျိုးဆက်များကို မိမိတို့ခံစားနေရပြီဖြစ်ကြောင်း မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာဖွင့်ဟ

**မန်ချက်စတာ စက်တင်ဘာ ၃၀**

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက မိမိတို့အသင်းတွင် အဓိကကွင်းလယ်ကစားသမား ရိုဒရီမရှိသည့်အကျိုးဆက်များကို စတင်ခံစားနေရပြီဖြစ်ကြောင်း ဖွင့်ဟပြောသည်။

အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့ကစားသည့်ပွဲစဉ်တွင် ရိုဒရီသည် ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိပြီးနောက် ယခုဘောလုံးရာသီကုန်အထိ အနားယူရမည်ဖြစ်သည်။ မန်စီးတီးအသင်းအနေဖြင့် အစောပိုင်းကတည်းက ရိုဒရီမပါဝင်နိုင်သည့်ပွဲစဉ်များတွင် အသင်းကွင်းလယ်ပိုင်း၌ ရုန်းကန်ရလေ့ရှိသကဲ့သို့ နောက်ဆုံးကစားသည့် နယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင်လည်း မန်စီးတီးအသင်းကွင်းလယ်ပိုင်းအနေဖြင့် ရုန်းကန်ခဲ့ရပြီးနောက် နည်းပြဂွါဒီယိုလာက ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

နည်းပြဂွါဒီယိုလာက"ကျွန်တော်တို့အနေနဲ့ ရိုဒရီမရှိတဲ့အကျိုးဆက်တွေ စတင်ခံစားနေရပါပြီ။ နယူးကာဆယ်အသင်းနဲ့ပွဲစဉ်မှာ သူမပါဝင်နိုင်တာ တော်တော်လေးကို သိသာပါတယ်။ ဒါပေမဲ့ အကောင်းဆုံးကျော်ဖြတ်နိုင်မယ်လို့တော့ ယုံကြည်ပါတယ်" ဟု ပြောသည်။

မန်စီးတီးအသင်းသည် လာမည့်ဇန်နဝါရီလအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမားသစ်ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။***Ref;ESPN***

## ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ခြောက်ပွဲဆက်ပေးဂိုးမရှိသေးသည့်တစ်သင်းတည်းသောအသင်းအဖြစ် ဂျူဗင်တပ်စ်အသင်း ရပ်တည်နေ

**ရောမ စက်တင်ဘာ ၃၀**

ယခုဘောလုံးရာသီ ဥရောပထိပ်တန်းလိဂ်ငါးခုဖြစ်သည့် စပိန်လာလီဂါ၊ ပရီးမီးယားလိဂ်၊ အီတလီစီးရီးအေ၊ ဂျာမန်ဘွန်ဒက်စ်လီဂါနှင့် ပြင်သစ်လီဂူးပြိုင်ပွဲတို့တွင် ခြောက်ပွဲဆက်ပေးဂိုးမရှိသေးသည့် တစ်သင်းတည်းသောအသင်းအဖြစ် ဂျူဗင်တပ်စ်အသင်းက ရပ်တည်လျက်ရှိကြောင်း သိရသည်။

ယခုဘောလုံးရာသီတွင် ဂျူဗင်တပ်စ်အသင်းကို အသင်းနည်းပြသစ်အဖြစ် မော့တာ တာဝန်ယူကိုင်တွယ်ပြီးနောက် အသင်းမှာ ရလဒ်များဆက်တိုက်ကောင်းမွန်လျက်ရှိပြီး အသင်းခံစစ်ပိုင်းမှာလည်း အံ့အားသင့်ဖွယ်စွမ်းဆောင်ရည်ကောင်းများကို ပြသထားနိုင်သည်။

ဂျူဗင်တပ်စ်အသင်းသည် အီတလီစီးရီးအေပြိုင်ပွဲ ခြောက်ပွဲကစားရာတွင် သုံးပွဲနိုင်၊ သုံးပွဲသရေရလဒ်ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ပြီး အဆိုပါခြောက်ပွဲတွင် အသင်းတိုက်စစ်ပိုင်းမှ ကိုးဂိုးသွင်းယူထားကာ ခံစစ်ပိုင်းက တစ်ဂိုးမျှပေးထားရခြင်းမရှိသေးဘဲ ဥရောပထိပ်တန်းလိဂ်ငါးခု၌ ခြောက်ပွဲကစားပြီးချိန်တွင် ပေးဂိုးမရှိသေးသည့်အသင်းအဖြစ် ရပ်တည်လျက်ရှိသည်။

ဂျူဗင်တပ်စ်အသင်းအနေဖြင့် အနိုင်ရရှိသည့်ပွဲစဉ်သုံးပွဲတွင် ၃ ဂိုး-ဂိုးမရှိဖြင့် သုံးပွဲစလုံးအနိုင်ရရှိထားပြီး သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်သုံးပွဲတွင်လည်း ဂိုးမရှိသရေရလဒ်ထွက်ပေါ်ထားခြင်းဖြစ်သည်။

လက်ရှိဥရောပထိပ်တန်းလိဂ်ငါးခုတွင် ရှုံးပွဲမရှိသေးသည့် အသင်းများရှိနေသော်လည်း အဆိုပါအသင်းများအနေဖြင့် သွင်းဂိုးများအသီးသီးခွင့်ပြုထားရပြီး ဂျူဗင်တပ်စ်အသင်းကသာ ပေးဂိုးမရှိသေးသည့်အသင်းဖြစ်ကြောင်း သိရသည်။

***Ref;Goal.com***

## ပရိသတ်များအားပေးကြမ်းသဖြင့် အက်သလက်တီကိုနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့၏ မက်ဒရစ်ဒါဘီပွဲစဉ်ကို ခေတ္တရပ်ဆိုင်းပြီးမှ ပြန်လည်ကစားခဲ့

**မက်ဒရစ် စက်တင်ဘာ ၃၀**

စပိန်လာလီဂါပွဲစဉ်အဖြစ် အက်သလက်တီကိုအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ကစားသည့် မက်ဒရစ်ဒါဘီပွဲစဉ်တွင် အက်သလက်တီကိုအသင်းပရိသတ်များအားပေးကြမ်းသဖြင့် ပွဲစဉ်ကိုခေတ္တရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ် ပွဲချိန် ၆၄ မိနစ်တွင် မီလီတာအိုက ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ပြီးနောက် လေးမိနစ်အကြာ ပွဲချိန် ၆၈ မိနစ်တွင် အက်သလက်တီကိုအသင်းပရိသတ်များက ရီးယဲလ်မက်ဒရစ်အသင်းမှ ဂိုးသမား ကော့တွိုက်စ်ကို ပစ်မှတ်ထားအော်ဟစ်မှုများ လုပ်ဆောင်ခဲ့ကြသည့်အပြင် ကွင်းအတွင်းသို့လည်း အရာဝတ္ထုများဖြင့် ပစ်ပေါက်မှုများလုပ်ဆောင်ခဲ့ကြသည်။

အက်သလက်တီကိုအသင်းပရိသတ်များသည် အားပေးကြမ်းပြီး ကွင်းအတွင်းအရာဝတ္ထုများဖြင့် ပစ်ပေါက်ခဲ့ကြသောကြောင့် ပွဲစဉ်ကို ဆက်လက်ကစားရန်ခက်ခဲသည့်အတွက် ကွင်းလယ်ဒိုင်လူကြီး ဘက်စ်ကွက်က ပွဲစဉ်ကိုရပ်ဆိုင်းရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် အက်သလက်တီကိုအသင်း တာဝန်ရှိသူများ၊ အသင်းနည်းပြ ဆီမြွန်နီနှင့် ကစားသမားများက အသင်းပရိသတ်များကို ဖျောင်းဖျမှုများ လုပ်ဆောင်ပြီးနောက် ပွဲစဉ်ကိုဆက်လက်ကစားရာ ပွဲချိန် မိနစ် ၉၀ အပြီး အချိန်ပိုခြောက်မိနစ်တွင် ကော်ရဲရားက အက်သလက်တီကိုအသင်းအတွက် ချေပဂိုးသွင်းယူနိုင်၍ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ ***Ref;Fotmob***



# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနိုင်ရေး မြို့နယ်အဆင့် စာရင်းစစ် စာရင်းကောက်သင်တန်းဆင်း

**တာချီလိတ် စက်တင်ဘာ ၃၀**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့အတွင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် မကာဟိုခမ်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တာချီလိတ်ခရိုင်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းနိုင်ဦးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး တာချီလိတ်ခရိုင်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်သော တာချီလိတ်မြို့နယ်မှ စာရင်းစစ်/စာရင်းကောက်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

တာချီလိတ်မြို့နယ်တွင် ရေကြီးရေလျှံဖြစ်ပေါ်ခြင်းကြောင့် ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ကိုးအုပ်စု၊ ကျေးရွာ ၁၈ ရွာ ရေဘေးသင့်ခဲ့သည့်အတွက် ရေဘေးလွတ်မြောက်သည့် နယ်မြေများကို ဦးစားပေးကောက်ယူမည်ဖြစ်ကာ မိမိတို့၏ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများအလိုက် သန်းခေါင်စာရင်းများကို အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အတွင်း ကောက်ယူမည်ဖြစ်သည်။



၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက် သန်းခေါင်ယံအချိန်ကို သန်းခေါင်စာရင်းရည်ညွှန်းချိန်အဖြစ် သတ်မှတ်ထားပြီး တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်၌ ကောက်ကွက် ၃၁၉ ခု၊ တာလေမြို့၌ ၅၅ ခု၊ ကျိုင်းလတ်မြို့၌ ၂၇ ခု၊ အဖွဲ့အစည်းရှစ်ခုနှင့် စုစုပေါင်းစာရင်းကောက်ကွက် ၄၀၉ ခုကို စာရင်းကောက်အဖွဲ့ ၃၃ ဖွဲ့၊ စာရင်းစစ်၊ စာရင်းကောက်၊ Volunteers စုစုပေါင်း ၁၅၈ ဦးတို့ဖြင့် ဖွဲ့စည်းထားရှိပြီး လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **မြင့်မိုရ်၊ နေမင်း(တာချီလိတ်)**

# ကျေးရွာဘက်စုံသုံးခန်းမ ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဘိုးကျေးရွာအုပ်စု ဖကျောက်ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းဖြင့် ကျေးရွာဘက်စုံသုံးခန်းမဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၂၉ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ဖကျောက်ကျေးရွာတွင် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမသည် အလျား ၁၅ ပေ၊ အနံပေ ၂၀၊ အမြင့် ၁၁ ပေရှိပြီး ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းမှရန်ပုံငွေကျပ် ၁၂ ဒသမ ၆၇ သန်း အကုန်အကျခံကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မောင်အိုးစည်**

# တာချီလိတ်မြို့နယ်၌ အသိပညာပေးစင်တာ ဖွင့်လှစ်ထားရှိ

**တာချီလိတ် စက်တင်ဘာ ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်နည်းပညာစနစ်ကိုအသုံးပြုပြီး ဈေးကွက်သတင်းများ၊ နည်းပညာဆိုင်ရာအသိပညာ/ဗဟုသုတများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာများရရှိစေရန် ရည်ရွယ်၍ မိုင်းကိုးကျေးရွာအုပ်စု မယ်လိတ်ပါကော်ခေတ်မီစံပြကျေးရွာ၌ အသိပညာပေးစင်တာဖွင့်လှစ်ထားရှိမှုအခြေအနေများကို မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက စက်တင်ဘာလ ၂၉ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် တာချီလိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ် လဲ့လဲ့သင်းနှင့် တာဝန်ရှိသူများသည် မယ်လိတ်ပါကော်ခေတ်မီစံပြကျေးရွာ၌အသိပညာပေးစင်တာ ဖွင့်လှစ်ထားရှိမှုနှင့်လိုအပ်သည့် Computer၊ Tablets၊ WiFi စက်နှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေး၍ ကျေးရွာသူ၊ ကျေးရွာသားများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသိပညာပေးစင်တာကို တာချီလိတ်ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှုအနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများနှင့် ပူးပေါင်းကာ ဆောင်ရွက်ခဲ့ပြီး ယခုအခါ ကျေးလက်နေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ ခေတ်မီဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြုနိုင်၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# မိုင်းယောင်းမြို့နယ် ဖကျောက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ



**မိုင်းယောင်း စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဝမ်ဘိုးကျေးရွာအုပ်စု ဖကျောက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဒေါ်အေးအေးဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ဖကျောက်ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများစံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၂၄ သန်းကိုအသုံးပြုကာ မြို့နယ်ဦးစီးဌာနဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဩဂုတ်လ ဒုတိယပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါလုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

# မိုင်းယောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**မိုင်းယောင်း စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးသက်ဆွေသည် စက်တင်ဘာလ ၂၉ ရက်တွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးသက်ဆွေသည် နံနက် ၇ နာရီတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်း၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး၊ မြို့လုံခြုံရေးအဖွဲ့တာဝန်ပေးအပ်နိုင်ရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များဖြင့်လည်းကောင်း၊ နံနက် ၉ နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး၊ မြို့လုံခြုံရေးအဖွဲ့တာဝန်ပေးအပ်နိုင်ရေး၊ ပြည်သူ့စစ်မှုထမ်းစေလွှတ်နိုင်ရေး၊ အဂတိလိုက်စားမှုမရှိစေရေး ဆွေးနွေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်စာရေးများဖြင့်လည်းကောင်း ဆောင်ရွက်သည်။

ထို့နောက် နံနက် ၁၁ နာရီတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ပါဟုတ်ကျေးရွာရှိ မိုင်းယောင်းရတနာ မက္ကဒေးမီးယားစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့၏ မက္ကဒေးမီးယားစိုက်ပျိုးသည့်လုပ်ငန်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့မှ ကော်ဖီစိုက်ပျိုးသည့်



လုပ်ငန်းနှင့် နာနတ်ပင်စိုက်ပျိုးထားရှိမှု၊ ဂါလန် ၂၈၀၀၀ ဆံ့ ရေစုကန်ဆောင်ရွက်ထားရှိမှုနှင့် Royal Cobber Co.,Ltd. မှ မက္ကဒေးမီးယားနှင့်ကော်ဖီ(နှစ်ရှည်သီးနှံ) စိုက်ပျိုးလုပ်ကိုင်ရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ ၂၉၅ ဧကခန့်အား လျှောက်ထားမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# တောင်ငူမြို့နယ်အတွင်း ရေကြီးရေလျှံမှုများလျော့နည်း သက်သာစေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေး

**တောင်ငူ စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက တောင်ငူမြို့နယ်အတွင်း ရေကြီးရေလျှံမှု လျော့နည်းသက်သာစေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စု၌ ရေကြီးနစ်မြုပ်ခဲ့၍ ပျက်စီးခဲ့သည့် မိုးစပါးဧကများအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထို့နောက် ကန်ရိုးကျေးရွာ မြေနိမ့်လွင်ပြင်၌ ရေဝပ်နေသဖြင့် စစ်တောင်းမြစ်အတွင်းသို့ အမြန်ဆုံးပြန်လည်ကျဆင်းစေရေးမြစ်ကြီးပေါက်ချောင်း ရေထွက်ပေါက်ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ ၎င်းနောက် တောင်ငူ-ဇီးဖြူပင်သွားကားလမ်းရေကျော်နေမှုတို့အား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ရေကျော်သည့်နေရာများတွင် ယာဉ်အန္တရာယ်/ လမ်းအန္တရာယ် ကင်းရှင်းစေရေး လမ်းညွှန်သတိပေး ဆိုင်းဘုတ်များနှင့် ရောင်ပြန်များတပ်ဆင်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ တောင်ငူမြို့ ထီးလှိုင်ရပ်ကွက် ကေတုမတီရှေးဟောင်းကျုံးနှင့် ထီးလှိုင်လမ်းကြားရှိ မြေနေရာတွင် အများပြည်သူစိတ်လက်အပန်းဖြေနိုင်စေရေး ပန်းခြံတည်ဆောက်မည့် မြေနေရာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ရှေးဟောင်းကျုံးနှင့် မြို့ရိုး ထိခိုက်မှုမရှိဘဲ သန့်ရှင်းသပ်ရပ်လှပသည့် Landscaping Design ဖြင့် ပန်းခြံပုံစံရေးဆွဲတင်ပြရန် မှာကြားခဲ့ကြောင်းသိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)




## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ထစ်ချုန်းရွာနိုင်ပြီး မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ်နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ တရုတ်နိုင်ငံသား တရားခံ ၃၁၃ ဦးအား လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနတို့ကြား သတင်းဖလှယ်မှုများ ဆောင်ရွက်၍ တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနတို့ သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်၍ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း မူဆယ်မြို့ပေါ်တွင် အွန်လိုင်းလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်းများလုပ်ကိုင်လျက်ရှိသော ဒုစရိုက်သမားများအား ဖော်ထုတ်ဖမ်းဆီးခဲ့ရာ တရုတ်နိုင်ငံသား တရားခံပြေး ၄၅ ဦး ပါ တရုတ်နိုင်ငံသား စုစုပေါင်း ၃၁၃ ဦးနှင့် မြန်မာနိုင်ငံသား တရားခံ ၅၅၇ ဦး၊ စုစုပေါင်း တရားခံ ၈၇၀ ဦးတို့နှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများဖြစ်သော ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများနှင့် Scam စက်များအား သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် ဒုစရိုက်မှုများအခြေပြုဆောင်ရွက်လျက်ရှိသည့်အဆောက်အအုံများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ချိပ်ပိတ်သိမ်းဆည်းတရားစွဲတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။




အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများ တိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ်နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား တရားခံ ၃၁၃ ဦးအား တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်နေမှုမှတ်တမ်းဓာတ်ပုံ။

အဆိုပါဖမ်းဆီးရမိသော တရုတ်နိုင်ငံသား တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား စုစုပေါင်း ၃၁၃ ဦးတို့အား မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ အမှုဖွင့်အရေးယူထားပြီး ၎င်းတို့အား တရုတ်နိုင်ငံအနေဖြင့် ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေးအတွက်လုံလောက်သောအစောင့်အရှောက်များဖြင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ယူနန်ပြည်နယ်၊ ရွှေလီမြို့ရှိ နယ်စပ်ဝင်/ထွက်ပေါက်မှတစ်ဆင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားလုပ်ငန်းများ တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများမှ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများ တိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ်နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား တရားခံ ၃၁၃ ဦး၏ မှတ်တမ်းဓာတ်ပုံ။




## ဖခင်အမည်မှန်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ DIAMOND STARS EDUCATION CENTRE Private High School Grade-12 မှ ပညာသင်ကြားနေသောမထားအိအိယွန်း၏ဖခင် ဦးဝင်းနိုင်မိုး၏အမည်မှန်မှာ ဦးဝင်းလှိုင်မိုး ၉/ပမန(နိုင်)၁၉၀၀၆၃ ဖြစ်ပါကြောင်း။ **ဦးဝင်းလှိုင်မိုး**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း Grade-4 တွင် ပညာသင်ကြားနေသော အဘ ဦးဇာနည်ကို ၈/ပခက(နိုင်)၂၀၇၈၆၄ ၏သမီး မခင်သက်ထားစံ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၉-၂၀၁၄ ဖြစ်ပါကြောင်း။
၁၅-၉-၂၀၁၄

## အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း KG တွင် ပညာသင်ကြားနေသော အဘ ဦးစစ်မောင် ၁၂/မဂဒ(နိုင်)၀၉၉၂၅၇ ၏သား မောင်အောင်ထူးသစ်အား မောင်သူထူးအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်သူထူးအောင်**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 15(T)9/MR(E) | လုပ်ငန်းသုံးစက်ကြီးများဖြစ်သည့် Automatic Levelling, Lining and Tamping Machine, Profile Ballast Regulating Machine, Flash Butt Welding Machine တို့အတွက် စက်အရန်ပစ္စည်း(၄၉)မျိုး၊ (3)Lot ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၁-၁၀-၂၀၂၄) မွန်းလွဲ(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၇-၉-၂၀၂၄)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - 294352, 291994, 291985**

## မတည်ရင်းနှီးငွေလျှော့ချခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ "Win Lae Ya Ti Oo Co., Ltd." အစုရှယ်ယာရှင်များ၏ (၂၈-၉-၂၀၂၄)ရက်နေ့တွင်ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များအစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ရင်းနှီးငွေအား ကျပ် ၁၀၀,၀၀၀,၀၀၀/-(ကျပ်သိန်းတစ်ထောင်)တိတိမှ ကျပ် ၅၀,၀၀၀,၀၀၀/-(ကျပ်သိန်းငါးရာ)တိတိသို့ လျှော့ချသွားရန် အစုရှယ်ယာရှင်အားလုံးမှ အများသဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

"Win Lae Ya Ti Oo Co.,Ltd." Ph:095403545,095416685

## ပျောက်ဆုံးကြောင်း

မြန်အောင်မြို့၊ အစယ်အလယ်ပိုင်းကျေးရွာနေ မောင်မင်းကိုကို(ဘ)ဦးကျော်ဝင်းစိုး ၁၄/မအန(နိုင်)၂၆၂၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 951766)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်၊ ဖုန်း-၀၉-၄၅၀၀၃၁၇၆၉

## ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်နေ မဇင်မာနွယ်(ဘ)ဦးကျော်မင်း ၇/ပခန(နိုင်)၃၆၀၄၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၅၀၀၃၀၄၀

## ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ထိန်ဟောင်းရပ်၊ ဈေးကလေးလမ်း၊ အမှတ်(၁၄၈)နေ သွင်အောင်အောင်(ဘ)ဦးညီညီ ၆/ထဝန(နိုင်)၁၇၄၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၂၄၃၄၁

## ပျောက်ဆုံးကြောင်း

ဖြူးမြို့နေ၊ ကမာ(လ်)ကီစိုး(ဘ)ဦးကွန်ချ်ဘီဟာရီ ၇/ဖမန(နိုင်)၂၁၂၉၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့နေ ရဲထင်ကျော်(ဘ)ဦးဝင်းထိန် ၁၂/ဒဂရ(နိုင်)၀၁၈၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း Grade-10 တွင် ပညာသင်ကြားနေသော အဘ ဦးစစ်မောင် ၁၂/မဂဒ(နိုင်)၀၉၉၂၅၇ ၏သား မောင်ခန့်စည်လွင်အား မောင်ခန့်ဇင်ဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ခန့်ဇင်ဝင်း**

## ပျောက်ဆုံးကြောင်း

ဦးဇော်ဦး(ဘ)ဦးကျော်မြင့် ၁၂/ဥကမ(နိုင်)၁၂၂၇၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၇၁၆၀၇၆၃

## ပျောက်ဆုံးကြောင်း

သင်းသင်းလှိုင်(ဘ)ဦးဟန်တင် ၁၂/ဥကမ(နိုင်)၁၆၇၃၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

အောင်မျိုးသူ(ဘ)ဦးသန်းဝင်း ၇/ပတတ(နိုင်)၁၀၆၂၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၈၈၃၃၈၅၆

## ပျောက်ဆုံးကြောင်း

မျိုးမမလှိုင်(ဘ)ဦးအောင်သန်း ၅/တမန(နိုင်)၀၄၇၈၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 629192)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၈၁၇၉၁၁

## ပျောက်ဆုံးကြောင်း

ကိုနိုင်(ဘ)ဦးလှအောင် ၉/ရမသ(နိုင်)၁၈၅၆၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 242253)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### In the matters of the Insolvency Law 2020, and TA TUN ELECTRIC WIRE & CABLE (SINGAPORE) CO.,LTD. (In Members' Voluntary Winding-up) [Under Section 147 of Insolvency Law & Rules 9 & 15(b) of Insolvency Rules]

Pursuant to Section 156(b) of the Myanmar Companies Law the following resolutions were Passed as Special Resolutions, on 27th September 2024 by the Members of **TA TUN ELECTRIC WIRE & CABLE (SINGAPORE)CO.,LTD.**

(1) Resolved that the Company be and is hereby wound up voluntarily as member's Voluntary Winding-up under the Insolvency Law.

(2) Resolved that Daw J P Nan Tong(Advocate, Member of Myanmar Association of Insolvency Practitioners Inc.), holder of Citizenship Scrutiny Card No.1/MaKaNa (N)128708,No(272), Anawrahta Road, Lanmadaw Township, Yangon Region, Myanmar, be and is hereby appointed as liquidator of the Company for the purpose of such winding-up and be authorized to carry on the business of the Company to such extent and for such period as may be necessary for the beneficial winding up thereof and be granted such other powers as may be deemed fit or proper.

S/d Liquidator of **TA TUN ELECTRIC WIRE & CABLE (SINGAPORE) CO.,LTD.**(In Members' Voluntary Winding-up)

### In the matters of the Insolvency Law 2020, and TA TUN ELECTRIC WIRE & CABLE (SINGAPORE) CO.,LTD. (In Members' Voluntary Winding-up) [Under Section 201 of Insolvency Law & Rules 87 of Insolvency Rules]

Notice to Creditors for Proof of Debts or Claims

Notice is hereby given that the Creditors of **TA TUN ELECTRIC WIRE & CABLE (SINGAPORE) CO.,LTD** (In Members' Voluntary Winding-up) (Company Registration Number - 121428415) are required to submit a Proof of Debt or Claim in the prescribed form together with supporting documents and evidences at No(272), Anawrahta Road, Lanmadaw Township, Yangon Region, Myanmar, or email address; jpnantong85@gmail.com on or before 11.10.2024, failing to which their claims will be excluded from the benefit of a distribution made before its debts or claims are admitted and objecting to that distribution.

Liquidator of **TA TUN ELECTRIC WIRE & CABLE (SINGAPORE)CO.,LTD** .(In Members' Voluntary Winding-up)

Daw J P Nan Tong (Advocate, Member of Myanmar Association of Insolvency Practitioners Inc.)

### In the matters of the Insolvency Law 2020, and MYANMAR VANTEC INTERNATIONAL LOGISTICS CO.,LTD. (In Members' Voluntary Winding-up) [Under Section 147 of Insolvency Law & Rules 9 & 15(b) of Insolvency Rules]

Pursuant to Section 156(b) of the Myanmar Companies Law the following resolutions were Passed as Special Resolutions, on 26th September 2024 by the Members of **MYANMAR VANTEC INTERNATIONAL LOGISTICS CO.,LTD.**

(1) Resolved that the Company be and is hereby wound up voluntarily as member's Voluntary Winding-up under the Insolvency Law.

(2) Resolved that Daw J P Nan Tong(Advocate, Member of Myanmar Association of Insolvency Practitioners Inc.), holder of Citizenship Scrutiny Card No.1/MaKaNa(N)128708,No(272), Anawrahta Road, Lanmadaw Township, Yangon Region, Myanmar, be and is hereby appointed as liquidator of the Company for the purpose of such winding-up and be authorized to carry on the business of the Company to such extent and for such period as may be necessary for the beneficial winding up thereof and be granted such other powers as may be deemed fit or proper.

S/d Liquidator of **MYANMAR VANTEC INTERNATIONAL LOGISTICS CO.,LTD.**(In Members' Voluntary Winding-up)

### In the matters of the Insolvency Law 2020, and MYANMAR VANTEC INTERNATIONAL LOGISTICS CO.,LTD. (In Members' Voluntary Winding-up) [Under Section 201 of Insolvency Law & Rules 87 of Insolvency Rules]

Notice to Creditors for Proof of Debts or Claims

Notice is hereby given that the Creditors of **MYANMAR VANTEC INTERNATIONAL LOGISTICS CO.,LTD** (In Members' Voluntary Winding-up) (Company Registration Number - 124013666) are required to submit a Proof of Debt or Claim in the prescribed form together with supporting documents and evidences at No(272), Anawrahta Road, Lanmadaw Township, Yangon Region, Myanmar, or email address; jpnantong85@gmail.com on or before 10th October 2024, failing to which their claims will be excluded from the benefit of a distribution made before its debts or claims are admitted and objecting to that distribution.

Liquidator of **MYANMAR VANTEC INTERNATIONAL LOGISTICS CO.,LTD** .(In Members' Voluntary Winding-up)

Daw J P Nan Tong (Advocate, Member of Myanmar Association of Insolvency Practitioners Inc.)

## ပျောက်ဆုံးကြောင်း

စောထွန်းနိုင်သန်း(ဘ)ဦးသန်းစိန် ၃/ဘအန(နိုင်)၁၉၇၂၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 085350)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

နန်းခိုင်ရွှေဝါ(ဘ)ဦးထွန်းရွှေ ၃/ဘအန(နိုင်)၁၉၆၁၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 085307)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

နန်းကြူကြူမွေး(ဘ)ဦးဘော်လုံး ၃/ဘအန(နိုင်)၂၁၅၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 492867)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

တင်တင်ဝင်း(ဘ)ဦးလှရွှေ ၁၂/လမတ(နိုင်)၀၂၀၁၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 836149)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

သင်းသင်းထွေး(ဘ)ဦးစံရွှေ ၁၂/လမန(နိုင်)၀၃၄၉၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၉၀၇၀၅၉

## ပျောက်ဆုံးကြောင်း

ရဲသီဟကျော်(ဘ)ဦးတင်မောင်မြင့် ၁၂/ကမန(နိုင်)၁၅၁၆၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 673551)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

သင်းသီရိမင်း(ဘ)ဦးမျိုးမင်းလတ် ၉/တကန(နိုင်)၂၂၈၄၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၉၀၇၀၅၉

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အ.ထ.က အုန်းနဲ့ အခြေခံစက်မှုစိုက်ပျိုးရေးမွေးမြူရေး၊ Grade-10 မှ မောင်ညီမင်းထက်၏ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်ဆန်း ၇/ကဝန(နိုင်)၁၁၁၇၈၉ ဖြစ်ပါကြောင်း။ **ဦးမျိုးမြင့်ဆန်း**

## ပျောက်ဆုံးကြောင်း

သန်းထိုက်အောင်(ဘ)ဦးခင်ညို ၁၂/သလန(နိုင်)၀၉၆၉၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ ရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

ကျော်ဇေယျာဦး(ဘ)ဦးသန်းငွေ ၁၂/လမန(နိုင်)၁၆၇၆၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 401368)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

ရွှေသဇင်မိုး(ဘ)ဦးအောင်ရွှေ ၇/ပတန(နိုင်)၁၆၉၂၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

ဖုန်လွမ်း(ဘ)ဦးရန်ရှောခိုင် ၁၃/နခန(နိုင်)၀၄၅၂၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 450606)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ ရန်။
ဖုန်း-၀၉-၇၅၂၃၅၃၆၂၀

## ပျောက်ဆုံးကြောင်း

ဇင်မိုးမိုးခိုင်(ဘ)ဦးလိကွယ်မြင့် ၁၃/ကခန(နိုင်)၀၇၄၀၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၀၄၇၃၆

## ပျောက်ဆုံးကြောင်း

သင်းသင်းဦး(ဘ)ဦးသန်းမောင် ၁၂/စခန(နိုင်)၀၅၁၉၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၉၄၉၅၃၅

## ပျောက်ဆုံးကြောင်း

ဇင်မာအေး(ဘ)ဦးမောင်ထွေး ၁၂/လကန(နိုင်)၂၆၁၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၄၀၄၄၃

## ပျောက်ဆုံးကြောင်း

ယဉ်ယဉ်လှ(ဘ)ဦးအောင်တင် ၁၂/ကမရ(နိုင်)၀၀၉၄၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၂၃၇၃၈

## ပျောက်ဆုံးကြောင်း

သန်းဆွေ(ဘ)ဦးမောက် ၉/ရမသ(နိုင်)၀၂၇၅၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 058389)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၁၇၄၄၀၂

## ပျောက်ဆုံးကြောင်း

အုန်းကျော်မြင့်(ဘ)ဦးဘိုကြည် ၅/ကဘလ(နိုင်)၁၁၄၈၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၇၃၅၈၄

## ပျောက်ဆုံးကြောင်း

ဇင်မင်းဝေ(ဘ)ဦးကြည် ၁၄/ဘကလ(နိုင်)၃၂၂၄၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MG 207739)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၈၅၃၈၈၉၀

## ပျောက်ဆုံးကြောင်း

သူဇာဦး(ဘ)ဦးမောင်ဦး ၇/ဒဥန(နိုင်)၁၈၆၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၇၆၁၄၀၀၈

## ပျောက်ဆုံးကြောင်း

ဇင်မောင်မောင်(ဘ)ဦးလှမောင် ၁၂/အစန(နိုင်)၂၀၃၉၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 616665)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

အိအိမိုး(ဘ)ဦးအေးဆန်း ၁၂/ရပသ(နိုင်)၀၇၅၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 071018)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ဇေယျာလင်းအောင်(ဘ)ဦးမြင့်အောင် ၁၄/ရကန(နိုင်)၀၈၈၄၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

စိုးအောင်(ဘ)ဦးတင်အုန်း ၁၄/ပစလ(နိုင်)၀၀၁၄၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 172613)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ဆန်းလွင်(ဘ)ဦးတင်ဆောင် ၉/ရမသ(နိုင်)၁၈၅၀၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 883836)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ကျော်လင်း(ဘ)ဦးမျိုးချစ် ၉/ရမသ(နိုင်)၁၄၀၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 382816)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ဇေယျာဝင်းကို(ဘ)ဦးတင်ကိုကိုဦး ၁၂/ မဘန(နိုင်)၁၃၈၂၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 218117)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၇၉၀၅၃၂၃၈

**အလိမ္မာစာမှာရှိ**

# စွယ်တော်မြတ်စေတီတော်၏ မင်္ဂလာကန် (လျှောက်လမ်း)တံတားဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှတည်ဆောက်ပြီးစီးခဲ့သည့် မရမ်းကုန်းမြို့နယ် အမှတ် (၅) ရပ်ကွက်ရှိ စွယ်တော်မြတ်စေတီ(ပရဝဏ်)နှင့် ရွှေနှင်းဆီလမ်းတို့အားဆက်သွယ်သော မင်္ဂလာကန်တံတားဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါတံတား၌ ပြုလုပ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်)ဦးဗိုလ်ဌေး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီနှင့်ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)နှင့် ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနတို့မှ ဌာနမှူးများက တံတားဖွင့်ပွဲ အခမ်းအနားအား ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက တံတားဆိုင်းဘုတ်အား သပြေခက်ဖြင့်အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

အဆိုပါတံတားသည် အရှည် ၇၇၀ ပေ၊ အကျယ် ၉ ပေရှိ RC Driving Pile အခြေပြု သံကူကွန်ကရစ်တံတားဖြစ်ပြီး လျှောက်လမ်းနှင့်ယှဉ်၍ ကန်ပေါင်လမ်းဘေးတွင် အရှည် ၇၇၀ ပေ၊ အနက် ၉ ပေရှိ မြေထိန်းနံရံတည်ဆောက်ထားရှိကာ တံတားပေါ်တွင် ဒေသခံပြည်သူများ အနားယူအပန်းဖြေနိုင်ရန် ထိုင်ခုံများချထားပေးထားပြီး ဘေးဘက်တွင်ပန်းအလှပင်များစိုက်ပျိုးထားရှိကြောင်း၊ အဆိုပါလျှောက်လမ်းတည်ဆောက်ခြင်းဖြင့် စွယ်တော်မြတ်လမ်း၊ ရွှေနှင်းဆီလမ်းနှင့် ပြည်လမ်းကိုဆက်သွယ်သည့် စွယ်တော်မြတ်စေတီမင်္ဂလာကန်တော် ကန်ပေါင်ကားလမ်းကို ဘေးဝဲယာတိုးချဲ့၍ ပြည်သူများဖြတ်သန်းသွားလာရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ရေပြင်ကိုဖြတ်၍ လျှောက်လမ်းပေါ်တွင် လွယ်ကူစွာသွားလာနိုင်စေရန်၊ စိတ်အေးချမ်းသာယာစွာအနားယူအပန်းဖြေနိုင်စေရန်နှင့် ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခန်းများပြုလုပ်နိုင်ရန် ရည်ရွယ်၍ တည်ဆောက်ပေးခြင်းဖြစ်ကြောင်းသိရသည်။ **ဝန်းရံ**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းတံတားများပြုပြင်ဆောင်ရွက်နေမှုများနှင့် တိုးဂိတ်များ၊ EV Charging Station များ ဒုတိယဝန်ကြီးဦးဝင်းဖေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည်ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပဲခူးတိုင်းဒေသကြီးရှိအဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများတက်ရောက်ကြသည်။



ဦးစွာ တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများက လုပ်ငန်းတာဝန်ထမ်းဆောင်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၉)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပဲခူးမြစ်ကူးဘောလီတံတား(ပဲခူးမြို့တွင်း)အား သံကူကွန်ကရစ်တံတား (၃၂၀ ပေ x ၁၈ ပေ) အဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူး - သနပ်ပင် - ခရမ်း - သုံးခွ - သန်လျင်လမ်း မိုင်တိုင် (၅/၁-၅/၂) ကြား AC ကတ္တရာလမ်း ၁၈ ပေ အကျယ် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် လမ်းတာပေါင်တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းအားလည်းကောင်း၊ ပဲခူးမြို့တွင်းလမ်း မိုင်တိုင်အမှတ် (၈/၅-၈/၆) ကြားနှင့် ရန်ကုန် - တောင်ငူလမ်း မိုင်တိုင်အမှတ် (၄၁/၇-၄၂/၀) ကြား လမ်းဘေး ဝဲ/ယာ သစ်ပင်စိုက်ပျိုးခြင်းနှင့် ကြားကွက်လပ်ဖြစ်နေသည့်နေရာများကို ပျိုးပင်ကြီးများဖြင့် အစားထိုးစိုက်ပျိုးခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၄၀/၅-၄၀/၆) ကြား ရေကြီး၍ လမ်းပခုံးတာပေါင်ပျက်စီးမှုအား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လမ်းအသုံးပြုခ ကောက်ခံလျက်ရှိသည့် ဘောနတ်ကြီး (မီနီ) တိုးဂိတ်နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဘောနတ်ကြီး (၃၉) မိုင် ယာဉ်ရပ်နားစခန်းအတွင်း၌ Qingdao CRRC Sifang Rolling Co.,Ltd. မှ တည်ဆောက်လျက်ရှိသည့် EV Charging Station ကိုလည်းကောင်း၊ ဒရယ်မီး (မီနီ) တိုးဂိတ်မှ လမ်းအသုံးပြုခကောက်ခံ နေမှုကိုလည်းကောင်း၊ (၁၁၅) မိုင် ဖြူးယာဉ်ရပ်နားစခန်းအတွင်းရှိ Yar Zar Min Industry Co.,Ltd. မှ တည်ဆောက်လျက်ရှိသည့် EV Charging Station ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (အသွားလမ်း) မိုင်တိုင်အမှတ်(၁၀၃/၇)နှင့် (၁၀၄/၀)ကြားတွင် ကွန်ကရစ်အားဖြည့်ဖျော်ရည်ထိုးသွင်းခြင်းလုပ်ငန်းအားကြည့်ရှုစစ်ဆေးပြီး အုတ်တွင်း (မီနီ) တိုးဂိတ်၊ တောင်ငူ (မီနီ) တိုးဂိတ်လမ်းအသုံးပြုခကောက်ခံနေမှုနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး စီလမ်းဆုံ (၂၀၁) မိုင် အသွားလမ်း Earth Renewable Energy Co.,Ltd. မှ ဆောင်ရွက်ပြီးစီးခဲ့သည့် EV Charging Station ကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (၅၀၀)


### အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုစုစောင့်ရှောက်ပေး

" Ageing with Dignity: The Importance of Strengthening Care and Support Systems for Older Persons Worldwide"

၁.၁၀.၂၀၂၄ နေပြည်တော်




၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"

"Empowering the next generation for a resilient future"

အောက်တိုဘာလ (၁၃) ရက်


## ထူးခြားသည့်နေ့အပူချိန်များ

၃၀-၉-၂၀၂၄

| | | | | |
|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |

## စက်တင်ဘာလ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်

**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ထုတ်ပြန်ချက်**

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန် စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် | |
| ၁။ | လွိုင်လင် | ၂၉-၉-၂၀၂၄ | ၃၁.၅ | ၈၈.၇ | ၈-၉-၂၀၂၄ | ၃၀.၀ | ၈၆.၀ | ၅၈ |

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ


**နေပြည်တော် စက်တင်ဘာ ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာလ ၂၇ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၄)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် **စက်တင်ဘာလ ၂၉ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ သီရိမြိုင်ရပ်ကွက်၊ (၃)မိုင်အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ တရားမဝင် အခြားသစ် တန် (၁ ဒသမ ၉၉၀)၊ လုပ်ငန်းသုံးပစ္စည်း(၁)မျိုး၊ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီးနှင့် မော်တော်ဆိုင်ကယ် (၄)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၄၀၁၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်နှင့်ဖျာပုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၆)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ကျုံပျော်ခရိုင်၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၇၇၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၅၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၉ ရက်**တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ သာမည မှရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၂)စီးနှင့် မြဝတီမြို့မှရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၂)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ စားသောက်ကုန် ပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Pregio Van (၁)စီး၊ Nissan Truck (၁)စီး၊ Isuzu Truck (၁)စီး၊ Nissan Deisel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စက်တင်ဘာလ ၃၀ ရက်**တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်တန် (သုည ဒသမ ၆၂၀)၊ အခြားသစ် (၅ ဒသမ ၆၉၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၇၀၉၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၀၀၇၀၉၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ စက်တင်ဘာလ ၂၇ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၇၁၆၁၀၆)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Soe Htut” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်နေ စိုးထွဋ်နိုင်အား ညနေ ၄ နာရီ ၅၀ မိနစ်တွင် အောင်မြေသာစံမြို့နယ်၊ အမှတ်(၄) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# ဒီပဲယင်းမြို့ပေါ်ရှိ နေအိမ်များကို တပ်မတော်က မီးရှို့ဖျက်ဆီးနေကြောင်း သတင်းအတု၊ သတင်းအမှားများ မဟုတ်မမှန်ဖြန့်ဝေ




**ရန်ကုန် စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့ပေါ်ရှိ နေအိမ်များကို တပ်မတော်က မီးရှို့ဖျက်ဆီးနေကြောင်း သတင်းအတု၊ သတင်းအမှားများ မဟုတ်မမှန် သတင်းအမှားများဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ စက်တင်ဘာလ ၂၉ ရက်နေ့က ဒီပဲယင်းမြို့နယ်အတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိနေပြီး အင်အားစုဖွဲ့လျက်ရှိကြောင်း ဒေသခံများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ဆုတ်ခွာစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းတို့နောက်သို့ လိုက်လံချေမှုန်းခြင်းမပြုလုပ်နိုင်ရန်နှင့် ကျေးရွာများရှိ နေအိမ်အချို့အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် ပြည်သူများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းအမှားများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏အကြမ်းဖက်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချခြင်းစသည့် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည့် သတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၃၀**

တစ်ပြည်လုံးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ခွာညိုပန်းအပိုင်းအနီး၊ဇေယျာသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၉၊ Fax - ၀၆၇၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Lemon Tea
Tea Mix
ရွှေဖီဦး
Black Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို
စိတ်ရတ်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
LEMON
SODA
RHINO
PORTLAND CEMENT
TRISTAR
SUGARMEC
PYIN OO LWIN
NAN MYAING
Lemon Tea
STARMART nine mile Showroom

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ လူငယ်များ၏ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကိုသိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်


တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် အားကစားသမားများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။


တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် အမျိုးသားဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၃၀**

၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များကစားကြပြီး လူသစ်တန်းပြိုင်ပွဲ တစ်ဦးချင်းဆုတံဆိပ်များ၊ လူသစ်တန်းအကောင်းဆုံး အားကစားသမားဆုများအား

စာမျက်နှာ ၁၇ ကော်လံ ၁ ❍

**အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ်နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ တရုတ်နိုင်ငံသား တရားခံ ၃၁၃ ဦးအား လွှဲပြောင်းပေးအပ်**

စာ - ၂၇ သို့

**တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာ - ၃၀ သို့

ဗန္ဓုလသသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း
ပုသိမ်သူ G & G Store ဆိုင်များ
Online
Easy Ticket, Go - Auto Ticket
ရန်ကုန်
နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ရောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်
